ပန်းတကာ့ပန်း ဘယ်ပန်းအမြတ်ဆုံးလဲ
ကဆုန်လပြည့်ဗုဒ္ဓနေ့ကို မဟာသွံသာရကျောင်းမှာ ကျင်းပ
စာ-၇

ကမ္ဘာတံဆိပ်
ကြာနီမိတ်
စာ-၁၂

ယခုနှစ်မှာ
ပိဋကတ်သုံးပုံစလုံး
အာဂုံဆောင် အောင်ခဲ့တဲ့
ရဟန်းထူးတစ်ပါး
ပေါ်ခဲ့ပြန်ပြီ
စာ-၁၅

သာသနာနဂ္ဂဟ ယဉ်ကျေးလိမ္မာ
ဆရာဖြစ်သင်တန်းသို့
ဗဟို ဥက္ကဋ္ဌကြီး တက်ရောက်ချီးမြှင့်
စာ-၅

သံဝေဇနီယ
လေးဌာနနှင့်
သာသနာနဂ္ဂဟ
စာ-၃

အာဇာနည်သခင်မြ၏
မွေးရပ်မြေက
ထီးတော်တင်ပွဲ
စာ-၄

ရွှေရတု တိပိဋကကျောင်းမှာ
ရှင်အပါး (၁၀၀) ပဋ္ဌာန်းခံ
စာ-၉

တောင်ဇလပ်
လှူငယ်ပျိုးခင်းကို
ပျိုးထောင်ခြင်း
စာ-၈

ဗုဒ္ဓ၏
(၃၂) ဆက်မြောက်
ဆွေတော်မျိုးတော်
စာ-၁၅

ဟောတုပစ္စယောကို
စောင်းတီးပူဇော်တဲ့
စောင်းဘုရင်
ဒေဝဣန္ဒာ
မောင်မောင်ကြီး
စာ-၁၅

ဝါဆိုလ၏ ဂုဏ်ရည်

မောင်ပန်းမွေး

မြန်မာတို့သည် ဘာလုပ်လုပ်၊ ဘာပြောပြော၊ ဘာကြံကြံ အမျိုး ဘာသာ သာသနာကိစ္စများနှင့် စပ်လျဉ်း၍ လုပ်လျှင်၊ ကိုင်လျှင်၊ ပြောလျှင်၊ ကြံလျှင် အကျိုးရှိတယ်၊ အနှစ်သာရရှိတယ်ဟု ယုံကြည်ကြသော အစိုးတန်သည့် လူမျိုးကြီးဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် အလုပ်လုပ်လျှင်လည်း ဘာသာ၊ သာသနာအကျိုး တိုင်းကျိုးပြည်ကျိုးအတွက်သာ လုပ်ကြ၏။ တီထွင်လျှင်လည်း လောကီအပျော်အပါးအတွက် အခြေခံ၍ မတီထွင် မဖန်တီး။ မြန်မာတို့သည် လူ့ဘဝကို အဓိပ္ပါယ်ရှိရှိနေနိုင်အောင် ကြိုးစားကြသူများဖြစ်၏။ ထို့ကြောင့်လည်း နေ့တိုင်းကို အဓိပ္ပါယ်ရှိသော နေ့များဖြစ်အောင် ဖန်တီးကြ၏။ လတိုင်းလတိုင်းကိုလည်း အဓိပ္ပါယ်ရှိသော လများဖြစ်အောင် ဖန်တီးကြ၏။ ဤသို့ဖြင့် တန်ခူးလကိုလည်း အဓိပ္ပါယ်ရှိသောလအဖြစ် ကျော်လွှားခဲ့ကြ၏။ ကဆုန်လကိုလည်း အဓိပ္ပါယ်ရှိသော လတစ်လအဖြစ် ကျော်လွှားခဲ့ကြ၏။ နယုန်လကိုလည်း အဓိပ္ပါယ်ရှိသော လတစ်လအဖြစ် ကျော်လွှားခဲ့ကြ၏။ ယခု ဝါဆိုလကိုလည်း အဓိပ္ပါယ်ကောင်းသော လတစ်လအဖြစ် ဖန်တီးကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

မြန်မာတို့လုပ်သမျှ ကိစ္စတို့သည် အမျိုးသား၏ ဂုဏ်သိက္ခာ၊ ဘာသာ၊ သာသနာ၏ဂုဏ်သိက္ခာများကို အမြဲဦးထိပ်ထားကြောင်း အားလုံး သိပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ဖန်တီးခဲ့သော ဝါဆိုလ၏ဂုဏ်သိက္ခာများမှာ သက်ကြီးဝါကြီးများကို ပူဇော်ကန်တော့သော စိတ်ဓာတ်ဆိုင်ရာ ပွဲလမ်းသဘင်များကိုလည်း တွေ့ရပါသည်။ သံဃာတော်များ ဝါဆိုပွဲဆိုသည်မှာလည်း ဘာသာ သာသနာ စိတ်ဓာတ်ရေးရာမြှင့်တင်ပွဲများဖြစ်ကြောင်း တွေ့ရပါသည်။ ယုတ်စွအဆုံး ဝါဆိုပန်းခူးပွဲသည်ပင်လျှင် စိတ်ဓာတ်ရေးရာ မြှင့်တင်မှုဆိုင်ရာ သဘောတရားများ ပါဝင်စွက်ဖက်လျက်ရှိကြောင်း၊ အပျော်သက်သက်မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝါဆိုသင်္ကန်းကပ်ပွဲဆိုသည်ကား ပိုမိုထူးခြားကြောင်း အကဲခတ်နိုင်ပါသည်။ ဤသို့ဖြင့် မြန်မာတို့သည် ဝါဆိုလဆိုင်ရာ ဂုဏ်သိက္ခာများကို နည်းလမ်း အသွယ်သွယ်ဖြင့် မြှင့်တင်ခဲ့ကြကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဝါဆိုလကိုလည်း သာမန်လတစ်လ မဟုတ်ဘဲ အမျိုး၊ ဘာသာ၊ သာသနာကို ဂုဏ်ရှိရှိ မြှင့်တင်လျက် နက်နဲသောသဘောတရားရှိသည့် လတစ်လ အဖြစ် ဆန်းစစ်တွေ့ရှိရပါသည်။

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်၏။ နွေဥတုဟုလည်း လုံးလုံးမဆိုနိုင်၊ မိုးဥတုဟူ၍လည်း လုံးလုံးမဆိုနိုင်။ နွေရော မိုးပါ ရောစွက်နေသောလဖြစ်၏။ နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနေသောလဖြစ်၏။ ဤသို့ဖြင့် ဝါဆိုလသည် ကဆုန်၊ နယုန်လများကဲ့သို့ အပူရှိန် ပြင်းထန်သောလ မဟုတ်တော့ကြောင်း သတိထားမိပါသည်။ တောတစ်လျှောက် တောင်တစ်လျှောက်ကြည့်လိုက်လျှင်လည်း မိကျောင်းပန်းများကို ဖွေးဖွေးလှုပ်နေအောင် မြင်ရပါသည်။ မြစ်တစ်လျှောက်၊ ချောင်းတစ်လျှောက် ကြည့်လိုက်ပြန်လျှင်လည်း ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဟူသော စကားအတိုင်း သဘာဝရှုခင်းကို ချစ်စဖွယ် တွေ့ မြင်နိုင်ပါသည်။ မိုးကောင်းကင်ကို မော့ကြည့်လိုက်ပြန်လျှင်လည်း အရပ်ရှစ်မျက်နှာ စလုံး မှုန်မှုန်မှိုင်းမှိုင်း တိမ်တွေ အုံ့ဆိုင်းလျက်ရှိသည်လည်း တွေ့ရတတ်ပါသည်။ ဤသို့ဖြင့် ဝါဆိုဟူသော လတစ်လသည် သဘာဝအခြေအနေအရ လှပသောလတစ်လအဖြစ် မငြင်းနိုင်အောင်တွေ့ရပါသည်။ ဤသို့ဖြင့် ဝါဆိုလသည် မြန်မာတို့စိတ်ကူးတွင် အလွန်မက်မောစရာကောင်းသော လတစ်လ ဖြစ်လာလေသည်။ ဤလတွင်ပင် အတွင့်အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ပဋိသန္ဓေ နေတော်မူခဲ့သည် မဟုတ်ပါလော၊ ဤလတွင်ပင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် တောထွက်တော်မူခဲ့သည် မဟုတ်ပါလော၊ ဤလတွင်ပင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဓမ္မစကြာတရားတော်မြတ်ကြီးကို ထူးထူးခြားခြား ဦးဦးဖျားဖျား ဟောတော်မူခဲ့သည်မဟုတ်ပါလော၊ ဤလတွင်ပင်လျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သင်္ကာတော်ထင်ရှားရှိခဲ့စဉ်က ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့သည်မဟုတ်ပါလော။

ဤသို့ဖြင့် မြန်မာတို့၏ အသည်းနှလုံးထဲ၊ အသွေးထဲ၊ အသားထဲတွင် ဘာသာတရားနှင့် စပ်လျဉ်းသော ရုပ်ပုံလွှာတို့သည် နှစ်ပေါင်း (၂၅၀၀)ကျော် ကြာခဲ့စေကာမူ အစဉ်အဆက် အတွေးမပျက်၊ အပူဇော်မပျက်၊ အစဉ်အလာအပျက် ခေတ်အဆက်ဆက်ဖြစ်ပေသည်။ ဤသည်မှာလည်း ဝါဆိုလ၏ သာသာရေးဆိုင်ရာ ဂုဏ်ရည်များဖြစ်ပေသည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော် ပုဂံခေတ်လောက်ကတည်းကပင် ဝါဆိုလနှင့်စပ်လျဉ်းသော ဂုဏ်ထူးများကို သတိထားမိပါသည်။ ပုဂံခေတ်အချိန်အခါက ဝါဆိုလကို မလွယ်တာ၊ မြွက်တာ၊ နွယ်တာ၊ နွေတာ စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြောင်း သတိထားမိပါသည်။ ဤလတွင် ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့သည် ထူးထူးခြားခြား ပွင့်ကြ၏။ ဝါဆိုလ၏ ရာသီပန်းများဖြစ်ကြ၏။ ဤလတွင် မိုးကောင်းကင်၌ ပြုဗ္ဗာသာဠ်နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယှဉ်တွဲ၍တောင်ထိပ်တွင် ထွန်းပကြောင်း ပညာရှင်များက ပြောဆိုကြကြောင်း မှတ်သားရပါသည်။ ဤသို့ဖြင့် ဝါဆိုလ၏ဂုဏ်ရည်များထဲတွင် ရာသီပန်းများသည်လည်းကောင်း၊ နက္ခတ်တာရာများသည်လည်းကောင်း ဂုဏ်ရှိရှိပါဝင်လာရသည်။ ထိုသို့သောလတွင် ရဟန်းသံဃာတို့သည် ဝါဆိုဝါကပ်ပြုတော်မူကြသည်။ ရဟန်းတော်များသည် မိုးသုံးလ ကာလပတ်လုံး ကျောင်းတွင်နေတော်မူကြသည်၊ မိုးခိုကြသည်။ ဤသို့ဖြင့် ဤမိုးသုံးလကာလပတ်လုံး အခြားအရပ်သို့ ညဥ့်အိပ်ညဥ့်နေမသွားဘဲ ဤကျောင်းတွင် မိုးခိုပါမည်ဟု ရွတ်ဆိုကာ အဓိပ္ပါယ်ရှိရှိကုန်ဆုံးသော လတစ်လအဖြစ် မြင့်မြတ်စွာ ရှာဖွေတွေ့ရှိရပါသည်။

မြန်မာတို့သည် ဂုဏ်ရှိသောလကို ဂုဏ်ယူမှတ်တမ်းတင်ကြသည်။ မန္တလေးနန်းတော်တွင် ပုထိုးတော်ကြီးကျောက်စာဟူ၍ ရှိ၏။ ထိုကျောက်စာတွင် (၅၈၈) ပုဿနှစ် နွှာယ်တာလဆန်းဟူသော စကားလေးတစ်လုံးကို တွေ့ရရာ ရှေးအခါကပင်လျှင် ဝါဆိုလကို နွှာယ်တာလဟူ၍ မှတ်တမ်းတင်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဝါဆိုလသည် ယခုမှ အသစ်အဆန်း ကမန်းကတမ်း သိက္ခာမရှိ၊ ဂုဏ်မရှိ တီထွင်လိုက်သော လ မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း ရာထောင်မကသော ကာလကပင် လေးလေးစားစား ဂုဏ်ရှိရှိ မှတ်တမ်းတင်ခဲ့သောလဖြစ်ကြောင်း ဂုဏ်ယူဖွယ်ရာ သမိုင်းကြောင်းကို အကဲခတ်နိုင်ပါသည်။ ထိုကဲ့သို့သော အချိန်ကာလကပင်လျှင် ဝါဆိုလကို မြတ်မြတ်နိုးနိုးဂုဏ်ရှိရှိ အသုံးပြုခဲ့ကြလေသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် ရှေးသရောအခါကတည်းကပင် ဝါဆိုလတွင် အရေးကြီးသောပွဲလမ်းသဘင်များ ပြုလုပ်ခဲ့ကြကြောင်း ဂုဏ်ယူဖွယ် လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် - ရှင်ပြုပွဲတော် ပဉ္စင်းခံပွဲတော်များသည် ဝါဆိုလတွင် ပြုလုပ်လေ့ရှိကြောင်း တွေ့ရှိကြရာ မည်သည့်ခေတ်ကစတင်၍ မည်သည့်ဘုရင်လက်ထက်က အစပြုကာ ထိုပွဲတော်ကို တီထွင်ခဲ့ကြောင်း အတိအကျမပြောနိုင်သော်လည်း သက္ကရာဇ် (၅၇၅) ခုနှစ်တွင် ပုဂံမြို့သင်လျှင်အုကသင်ချင်ကျောက်စာ၌ သားပန်စင်းခံ၍ တရားဦးနာသရော ကျွန်နွားဥစ္စပေး၏ဟု ရေးထိုးထားကြောင်းတွေ့ရရာ ထိုအချိန်လောက်ကတည်းက ဂုဏ်ယူဖွယ်ရာကောင်းသော ဝါဆိုလတွင် မြင့်မြတ်သော ပဉ္စင်းခံရှင်ပြု သာသနာပြုကိစ္စများ ပြုလုပ်နေကြောင်း ပြောကြားနိုင်ပါသည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် မပျက်မကွက် ဆင်ယင်ကျင်းပခဲ့သည်မှာ ယခုခေတ်အထိဖြစ်ပါသည်။ ဤသို့ဖြင့် ဝါဆိုလတွင် သာသနာရေးဆိုင်ရာ ပွဲလမ်းများကျင်းပခဲ့ကြသည်။ စိတ်ဓာတ်ရေးဆိုင်ရာ ပျော်ပွဲများကို ဘာသာရေးစိတ်ဓာတ်ဖြင့် မြင့်မြတ်စွာ ကျင်းပခဲ့ကြသည်။ ထို့အတူပင် လူမှုရေးဆိုင်ရာ ပွဲလမ်းများကိုလည်း ကျင်းပခဲ့ကြသည်။ ဤသို့ဖြင့် သံဃာတော်များ ဝါဆိုပွဲ၊ ဝါဆိုပန်းနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ သက်ကြီးဝါကြီး ပူဇော်ပွဲ စသည်ဖြင့် ယဉ်ကျေးမှုပွဲတော်များ ကျင်းပလာကြသောလဖြစ်ရကား "ဝါဆိုပွဲတော်" ဟူသော စကားကလေးမှာ မြို့၍ပြောလိုက်သော စကားဖြစ်သော်လည်း အလွန်ကျယ်ပြန့်သော အဓိပ္ပါယ်များပါဝင်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ဝါဝင်ဝါထွက်ကာလများတွင် ကန်တော့ကြသော အစဉ်အလာမှာလည်း အလွန်မြင့်မြတ်သော အစဉ်အလာဖြစ်ပါသည်။ သက်ကြီးဝါကြီးပူဇော်ပွဲဟူသည်မှာ ဟန်လုပ်၍ကန်တော့သောပွဲမဟုတ်။ မြင့်မြတ်သောစိတ်ထားဖြင့် မိမိအသည်းနှလုံးကို ဆေးကြောသော သဘောဖြစ်ရကား၊ အပြစ်အနာအဆာများ ပြေပျောက်အောင် ပြုလုပ်သော တကယ့်ပွဲကြီးပွဲကောင်းဖြစ်ရကား ဝါဆိုလသည် အလိုလို ဂုဏ်တက်လာရလေသည်။ ထို့အတူ ဝါဆိုသင်္ကန်းကပ်လှူသည်မှာလည်း ဤလပင်ဖြစ်သဖြင့် ဤလ၏ဂုဏ်ထူးမှာ ဘာသာရေးကြောင့် ဂုဏ်တက်လာရပြန်သည်။ ဤသို့ဖြင့် ဝါဆိုလသည် ရာသီဥတု အနေအထားအရလည်းကောင်း၊ ပြည်သူပြည်သား လူအများတို့၏ စိတ်နေစိတ်ထားအရ လည်းကောင်း မြင့်မြတ်သောလ၊ သာယာသောလအဖြစ် ရှုမြင်ရပါသည်။ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ဂုဏ်သိက္ခာများသာမက အမျိုးသားရေးဆိုင်ရာ စိတ်ဓာတ်များကိုပါ ဖြူစင်မြင့်မြတ်စွာဖြစ်အောင် ပြုလုပ်သော လတစ်လဖြစ်သဖြင့် ဝါဆိုလသည် သာမန်လမဟုတ် အမျိုး၊ ဘာသာ၊ သာသနာဆိုင်ရာ လတစ်လဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာသနာတော် ထွန်းကားပြန့်ပွားရေးသို့

- ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်းဖြစ်သည် မဟူ (၄၅) ဝါပတ်လုံး မဟာ လုံ့လ ဝီရိယတော်မြတ်ဖြင့် သာသနာပြုတော်မူ၏။

- သာသနာပြုခြင်းကုသိုလ်ထက် မြတ်သောအရာကား မရှိပြီ။

- သာသနာပြုခြင်းဖြင့် လူ့ပြည်နတ်ရွာ အလုံးစုံသော ချမ်းသာကို ရ၏။ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ချမ်းသာကိုလည်း ရ၏။

- ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဗုဒ္ဓဘာသာဝင် တိုးပွားများပြား ခိုင်မာလာရေးအတွက် ဆောင်ရွက်ကြပါကုန်။

- ဗုဒ္ဓသာသန ဘာရောအဝဿ ဝဟိတဗ္ဗာ - ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။

သာသနာ့အလင်းဂျာနယ်မှတ်တမ်း

သာသနာ့အလင်းဂျာနယ် ကြီးကြပ်ရေးကော်မတီ

ဂုဏ်ထူးဆောင်နာယက

ဦးဖုံမောင်	(မဟာဝိဇ္ဇာ-ဘုံဗေ) အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန)

အဖွဲ့ဝင်များ၊

ဦးကျော်ခင်မြင့်	(မောင်ရင့်ကျူး - မြောင်းမြ) (မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓဇ) ဒု-ဥက္ကဋ္ဌ၊ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)
ဦးကျော်မြင့်	ဒု-ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးသာသနာ့နုဂ္ဂဟအသင်း
ဦးညွန့်မောင်	ဘီအေ-အာရ်အယ်လ်၊ အငြိမ်းစား ညွှန်ကြားရေးမှူး သာသနာရေးဦးစီးဌာန။
ဦးခင်မောင်ရင်	(ဌာနကြီးမှူး)၊ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)
ဦးရဲနိုင်စိုး	ပြည်တွင်းပြည်ပ ဆက်သွယ်ရေးသတင်းအဖွဲ့။

အယ်ဒီတာအဖွဲ့

အယ်ဒီတာချုပ်	- မောင်ပန်းမွေး ဌာနမှူး၊ ပြည်တွင်းပြည်ပ သတင်းဌာန (ဗဟို)
အကြံပေးအယ်ဒီတာ	- ဦးကျော်လွင် [ရုံးအဖွဲ့မှူး၊ သာသနာ့နုဂ္ဂဟအသင်းကြီး (ဗဟို)]
တာဝန်ခံအယ်ဒီတာ	- မြေလတ်မြတ်သူ
အယ်ဒီတာအဖွဲ့ဝင်	- စုရည်မွန် (B.A (Law) LL.B)
ဒီဇိုင်းအဖွဲ့	- ဇေကမ္ဘာအဖွဲ့-သက်ထွန်းလွင်၊ နီလာ၊ သီရိ
ဖြန့်ချိရေး	- ဦးခင်တိုး
ထုတ်ဝေသူ	- မောင်ပန်းမွေး (ယာယီ- ၁၄၂၂)
ပုံနှိပ်သူ	- EVERGREEN ပုံနှိပ်တိုက်
တန်ဖိုး	- မေတ္တာဒါန
စောင်ရေ	- ၅၀၀
ဂျာနယ်တည်နေရာ	- ဓမ္မသီရိဗိမာန်တော်၊ တံတားကလေးလမ်းဝ၊ နဝဒေးရပ်ရှင်ရုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၅၆၆၂၈။

သာသနာ့အလင်း Website - www.centralbuddhism.com

သာသနာရေးဝန်ကြီးဌာန၊ သံဝေဇနီယ လေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

သာသနာရေးဝန်ကြီးဌာန၊ သံဝေဇနီယလေးဌာန တည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၂၀၁၃) ခုနှစ် မေလ (၂၂) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ တံတားကလေးလမ်းရှိ ဇမ္ဗူသီရိမဟာခန်းမတော်တွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း နာယက၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ အမှုထမ်းသော ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ သံဝေဇနီယ လေးဌာနသို့ ဘုရားဖူးစေလွှတ်ရေး လုပ်ငန်းကျွမ်းကျင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ၃-ဦးတို့ ဒေါက်တာသောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြ ကြောင်း၊ ၎င်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားကြောင်း၊ ၎င်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း အထွေထွေအတွင်းရေးမှူး သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်အောင်က Power Point များဖြင့် သာသနာရေးဝန်ကြီးဌာန၏ ဖြောင့်ကျပေးချက်များကို ရှင်းလင်းပြောကြားပါကြောင်း ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ဌာနဆိုင်ရာအကြီးအကဲများက ဌာနဆိုင်ရာအလိုက် ရှင်းလင်းပြောကြားပါကြောင်း၊ ၎င်းနောက် ဘုရားဖူးလုပ်ငန်းအဖွဲ့များမှ တာဝန်ယူဆောင်ရွက်ကြမည့် ကော်မတီဝင်များ ဆပ်ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ကြပါကြောင်း ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

ပဲခူးတိုင်း ဒေသကြီး

တောင်ငူမြို့နယ်၊ သာသနဟိတကာရီ မိဟန်တော်ကြီးတွင် ယဉ်ကျေးလိမ္မာဆရာဖြစ် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း (ဗဟို)က ကြီးမှူး ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာဆရာဖြစ် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ မေလ (၅)ရက် နံနက်(၉)နာရီက တောင်ငူမြို့ သာသနဟိတကာရီ မိဟန်တော်ကြီးတွင်ကျင်းပရာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အဓိပတိဆရာတော် ဘဒ္ဒန္တ ... ထံမှ ငါးပါးသီလ ခံယူပြီး အဓိပတိဆရာတော် ဘဒ္ဒန္တ ... ဩဝါဒကထာ နာကြားခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညာဏ်ဝင်း ကိုယ်စား ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးတင်စိုးမှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် သီဟသုဓမ္မမဂ်ဇင်းတာဝန်ခံ ဒေါက်တာဦးလှဝင်းအောင် (လူမှုထူးချွန်)က ယဉ်ကျေးလိမ္မာဆရာဖြစ် သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောကြားခဲ့ကြောင်း၊ ဆက်လက်၍ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများကို လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးတင်စိုးက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ၎င်းနောက် သာသနာ့အလင်းရောင်များကို ယဉ်ကျေးလိမ္မာ သင်တန်းဆရာမကြီး ဒေါက်တာဒေါ်ယဉ်မြင့်က ပေးအပ်လှူဒါန်းရာ တောင်ငူခရိုင် သာသနာ့နဂ္ဂဟအသင်း၊ ဥက္ကဋ္ဌ ဦးမြင့်ညိုက လက်ခံရယူပြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း၊ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် သီဟသုဓမ္မမဂ်ဇင်းတာဝန်ခံ ဒေါက်တာဦးလှဝင်းအောင် (လူမှုထူးချွန်)က လှူဒါန်းသော တအုပ်နှင့် သင်ထောက်ကူပစ္စည်းများအား ယဉ်ကျေးလိမ္မာ ဆေးရုံ ဒေါ်ဇယ်က ပေးအပ်ရာ တောင်ငူခရိုင် သာသနာ့နဂ္ဂဟအသင်းမှ ဦးရဲဝင်းက လက်ခံရယူခဲ့ကြောင်း၊ ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့ သင်တန်းဖြစ်မြောက်ရေးအတွက် အကျိုးအလှူငွေကျပ် (၁၀) သိန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နဂ္ဂဟအသင်း၊ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် သီဟသုဓမ္မမဂ်ဇင်းတာဝန်ခံ ဒေါက်တာဦးလှဝင်းအောင် (လူမှုထူးချွန်) က ပေးအပ် လှူဒါန်းရာ တောင်ငူခရိုင်သာသနာ့နဂ္ဂဟအသင်း၊ ဥက္ကဋ္ဌ ဦးမြင့်ညိုက လက်ခံ ရယူပြီး အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိပါသည်။

အမျိုးသား အာဇာနည်ခေါင်းဆောင် သခင်မြ၏ မွေးရပ်မြေရှိ မြသိန်းတန်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်သစ် တင်လှူခြင်းမင်္ဂလာ ကျင်းပ

အမျိုးသားအာဇာနည်ခေါင်းဆောင် သခင်မြ၏ ဇာတိမြေဖြစ်သော ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့တွင် ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သော မြသိန်းတန် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ရွှေထီးတော်အသစ် တင်လှူခြင်းအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ နံနက် (၉)နာရီက ကျင်းပရာ မန္တလေးမြို့ ချမ်းသာကြီးတိုက်၊ နဂါးကိုးကောင် ဆရာတော်ဘုရားကြီးမှ အနန္တမေတ္တာကမ္မဋ္ဌာန်း၊ အောင်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဆက်လက်၍ ထုံးဘိုမြို့ ရွှေထီးတော် အလှူရှင်ဒါယကာ ဦးကျော်ငြိမ်း၊ ဒါယိကာမ ဒေါ်ကြည်မြင့်မိသားစုနှင့် အများပြည်သူတို့က စိန်ဖူးတော်မင်္ဂလာဆိုင်းဖြင့် ရွှေထီးတော်ကို ဝမ်းမြောက်ဝမ်းသာ တင်လှူပူဇော်ကြပြီး ကြွရောက်တော်မူလာသော သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

ရေဝတီတိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းမှ ယဉ်ကျေးလိမ္မာသင်တန်းသား သင်တန်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

ရေဝတီတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သင်ကြားခဲ့သော ယဉ်ကျေးလိမ္မာ သင်တန်းသား သင်တန်းသူများအတွက် စာရေးကိရိယာများကို တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းမှ လှူဒါန်းခဲ့ရာ (၁-၃-၂၀၁၃)မှ ပိတ်ရက်မရှိ ရက်ပေါင်း (၃၀) သင်ကြား ပို့ချခဲ့သော ညောင်တုန်းမြို့ သာသနာ့လက်ာရ ကျောင်းတိုက်တွင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူ (၂၇၀)ဦးအတွက် စာရေးကိရိယာများကိုလည်းကောင်း၊ (၂၂-၄-၂၀၁၃)မှ (၂၅-၅-၂၀၁၃) ရက်အထိ ပုသိမ်လေတပ်စခန်း အမှတ်စဉ်(၄) ယဉ်ကျေးလိမ္မာ သင်တန်း တက်ရောက်ခဲ့သော သင်တန်းသား၊ သင်တန်းသူ (၄၀) ဦး အတွက် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (နိုင်အောင်မိုး၊ အတွင်းရေးမှူး)

ရန်ကုန်၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်လုံးဆိုင်ရာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်လုံးဆိုင်ရာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများကို (၂၀.၃.၂၀၁၃) ရက်နေ့မှ (၃၁.၃.၂၀၁၃) ရက်နေ့အထိ (၁၂) ရက်ကြာ၊ ရပ်ကွက်အတွင်း၌ရှိသော ဈေးအရှေ့ သာသနာ့ရက္ခိတမွှာရုံတွင် သင်တန်းသား/သူ (၁၈၀) ဦး၊ ဈေးအနောက် မြကန်သာ မွှာရုံတွင် သင်တန်းသား/သူ (၁၁၅) ဦး၊ ဘုမ္မာအနောက် ပုညကုသလမွှာရုံတွင် သင်တန်းသား/သူ (၁၄၁)ဦးစုစုပေါင်း သင်တန်းသား/သူ (၄၃၆) ဦးတို့အား မွှာရုံ (၃) ခုတွင် တစ်ပြိုင်တည်းဖွင့်လှစ်၍ သင်ကြားပေးခဲ့ကြောင်း။ (၁.၄.၂၀၁၃) ရက်နေ့တွင် သင်တန်းပြီးမြောက်ကြောင်း အောင်ပွဲနှင့် ထူးချွန်သူ (၃၀) ဦးတို့အား ဆုပေးပွဲများ ကျင်းပရာ ထိုအောင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးသာသနာနုဂ္ဂဟအသင်းကြီး၏ ဒု-ဥက္ကဋ္ဌ ဦးရဲအောင်၊ အရှေ့ပိုင်းခရိုင် သာသနာ နုဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဦးကိုကိုစိုးနှင့် အမှုဆောင်များ၊ မြောက်ဥက္ကလာပမြို့နယ် ဥက္ကဋ္ဌ ဦးလှကြည်နှင့် အမှုဆောင်များ၊ ရပ်ကျေးဥက္ကဋ္ဌ ဦးတင်အောင်နှင့် အမှုဆောင်များ စုံညီစွာ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဒု-ဥက္ကဋ္ဌ ဦးရဲအောင်မှ အမှာစကားပြောကြားပြီး သင်တန်းတက်ရောက် ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ရာ သင်တန်းတာဝန်ခံ ဒေါ်လှလှမြင့်၊ ဒေါ်ရွှေရည်ဝင့်နှင့် ဒေါ်ခင်ဇင်နွယ်တို့မှ လက်ခံရယူပြီး အရှေ့ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဦးကိုကိုစိုးမှလည်းကျောင်းသား/သူများအား နှုတ်မေးဖြင့် အရည်အချင်းစစ်ဆေးပြီး ထူးချွန်စွာ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း။ ထိုသင်တန်းအား (၁/၂၀၁၁)၊ တန်းခွဲ - ၂ ကသ - ၁၀ သင်တန်းတာဝန်ခံ ဒေါ်လှလှမြင့်နှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများဖြစ်ကြသော ၁/၂၀၁၁ ဆရာဖြစ်သင်တန်းဆင်း ဦးအုန်းမြင့်၊ ဦးစောမောင်သိန်း၊ ဦးအောင်ဝင်း၊ ဦးဇေလတ်၊ ဒေါ်ခင်တီတီ၊ ဒေါ်ဝင်းဝင်း၊ ဒေါ်အာနွယ်၊ ဒေါ်ထွေးထွေးဆင့်၊ ဒေါ်ခင်မေအောင်၊ ၂/၂၀၁၂ ဆရာဖြစ်သင်တန်းဆင်း ဒေါ်ခင်ပြုံးရည်၊ ဒေါ်သိန်းမွှေ့၊ ဒေါ်နီနီနွယ်၊ ဒေါ်ရွှေရည်ဝင့် (ခ) ဒေါ်ညိုညို၊ ဒေါ်ရှယ်ရီမြင့်၊ ဒေါ်ခင်သန္တာဦး၊ ဒေါ်ရီရီဝင်း၊ ဦးနီထွတ်၊ ၃/၂၀၁၃ ဆရာဖြစ်သင်တန်းဆင်း ဦးစံဝင်း၊ ဦးဇော်ဝင်း၊ ဦးလှဟန်၊ ဒေါ်တင်မမ၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မူမူသက် စသော ဆရာ၊ ဆရာမပေါင်း (၂၄) ဦးတို့ဖြင့် သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။ (ဒေါ်လှလှမြင့်၊ ၁/၂၀၁၁၊ တန်းခွဲ - ၂ ကသ - ၁၀)

နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ် (၃/၂၀၁၃) သင်တန်းဆင်း နည်းပြဆရာမ ဒေါ်တင်နွဲ့သည် ကမ္ဘာအေးစေတီလမ်း၊ မြေအမှတ် (၉/ခ) ၌ မိမိ၏ သဒ္ဒါ စေတနာဖြင့် ငွေကြေး အကုန်အကျခံကာ နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို (၂၀၁၃) ခုနှစ်၊ မတ်လ၊ (၁၉) ရက်နေ့မှ စတင်ကာ ပညာဒါန ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။ အထက်တန်းကျောင်းသူ/ကျောင်းသား (၃၀) ဦးအား အင်္ဂါနှင့် ကြာသပတေးနေ့တွင်လည်းကောင်း၊ အလယ်တန်းကျောင်းသူ/သား (၇၇) ဦးအား တနင်္လာနှင့် ဗုဒ္ဓဟူးနေ့တွင် လည်းကောင်း၊ မူလတန်းကျောင်းသူ/သား (၄၀) ဦးအား အင်္ဂါနှင့် ကြာသပတေးနေ့များတွင် လည်းကောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းသူ/သား (၈၀) ဦးအား တနင်္လာ၊ ဗုဒ္ဓဟူးနေ့များတွင် လည်းကောင်း၊ ဆရာမဒေါ်တင်နွဲ့၊ ဒေါ်ခိုင်စန္ဒီအေး၊ ဒေါ်သဇင်၊ ဒေါ်ချစ်စနီး၊ ဒေါ်သူဇာတို့က သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းကို (၂၈-၅-၂၀၁၃) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်း အကြီးစားပြုပြင်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းကြီးကို ပြည် ရွှေဆံတော်ဂေါပကအဖွဲ့ ပြည်ဝါစရိယဆရာတော်ကြီးများ လမ်းညွှန်မှုကိုခံယူလျက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာ့ဗိသုကာပညာရှင်ကြီးများ၏ အကြံပြုချက်နှင့်အညီ အကြီးစား ပြုပြင်နိုင်ရေးအတွက် အလှူရှင် ပြည်မြို့ စည်တော်မင်္ဂလာရပ်ကွက်နေ ဦးကျော်မောင် ဒေါ်မြနှင်း မိသားစုတို့က လှူဒါန်းမည့် အရှေ့ဘက်စောင်းတန်းတော်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့က အဆိုပါ စောင်းတန်းတော်ကြီးတွင် ကျင်းပရာ မင်္ဂလာအချိန် နံနက် (၇:၃၀) နာရီတွင် တာဝန်ရှိသူအသီးသီးနှင့် အလှူရှင်မိသားစုတို့က ပန္နက်တင်ခဲ့ကြကြောင်း၊ အဆိုပါ အခမ်းအနားသို့ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်မိသားစုများ၊ ဂေါပကအဖွဲ့ဝင်များ၊ သာသနာနုဂ္ဂဟအသင်း အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ် သာသနာနုဂ္ဂဟအသင်းက အလုံမြို့နယ်၊ အတာကြီးကျေးရွာသို့ သောက်သုံးရေလှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၆)ရပ်ကွက် သာသနာနုဂ္ဂဟ အသင်းမှ စေတနာရှင်အသင်းဝင်များ ဦးစီး၍ (၂၀) လီတာဝင် ရေသန့်ဗူးကြီး (၅၂၀)ကို သောက်သုံးရေ အခက်အခဲရှိသည့် အလုံမြို့နယ်၊ အတာကြီးကျေးရွာရှိ မိဘပြည်သူများသို့ (၂၀၁၃) ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သာသနာပြုခြင်း ကုသိုလ်ထက် မြတ်သောအရာကား မရှိပြီ။

အဝင်နှင့်အားနှင့် အရှိန်အဟုန်ပြင်းသော သာသနာနုဂ္ဂဟ
ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းဆင်း အောင်ပွဲ ကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဦးဆောင်မှုခံယူ၍ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းကြီးကြပ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ် အ.ထ.က (၂) တွင် ယဉ်ကျေးလိမ္မာမွမ်းမံဆရာဖြစ်သင်တန်းဆင်းအောင်ပွဲကို ၂၀၁၇ခုနှစ်၊ မေလ ၁၀ ရက်၊ နံနက် (၉)နာရီက ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓဇ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မဇောတဓဇ ဦးကျော်ခင်မြင့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး (၃) သီဟသုဓမ္မဇောတဓဇ ဒေါက်တာလှဝင်းအောင်(လှမူထူးရွှန်)၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ အုပ်ချုပ်ရေးမှူး ဦးနေဝင်းစော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အမျိုးသမီးရေးရာအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း၊ ရှေဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓဇ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းစော်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒု-ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မဇောတဓဇ ဦးကျော်ခင်မြင့်တို့က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး (၃) ဒေါက်တာလှဝင်းအောင်က ယဉ်ကျေးလိမ္မာမွမ်းမံဆရာဖြစ်သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြောင်း၊ ထို့နောက် ဒေါက်တာလှဝင်းအောင်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ဆရာမဒေါ်မူမူသွင်နှင့် ဒေါ်မူမူအေးတို့က လက်ခံရယူပြီး ဆုရတိုင် တဆုပ်များကို ဒေါက်တာဒေါ်ယုနေဇော်မြင့်က ပေးအပ်ရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်နိုင်နိုင်ဝင်းနှင့် ဒေါ်အေးအေးအောင်တို့က လက်ခံရယူခဲ့ကြောင်း၊ ထို့နောက် သာသနာနုဂ္ဂဟအသင်းဝင် အထိုပြုလွှာများကို အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နီနီချိုနှင့် ဒေါ်ခင်နုယုမြင့်တို့က ပေးအပ်ရာ ရန်ကုန် အနောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ သဟာယတော်ကြီး ဒေါက်တာ ဦးကျော်စိန်က လက်ခံပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် တာဝန်ရှိသူအသီးသီးက ထူးချွန်စွာ အောင်မြင်သူများကို ဆုများချီးမြှင့်ပေးအပ်၍ အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ရတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း၊ အဆိုပါသင်တန်းသို့ အနောက်ပိုင်းခရိုင် (၁၃)မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မိသားစုများ၊ ပညာရေးဝန်ထမ်းမိသားစုများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် (၂၂၀) ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံတွင် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သာသနာနဂ္ဂဟအသင်း လမ်းညွှန်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာနဂ္ဂဟအသင်းမှ ကြီးကြပ်ဆောင်ရွက်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို (၂၀၁၃) ခုနှစ်၊ မေလ (၁၄) ရက်၊ နံနက် (၈)နာရီက သိမ်တော်ကြီးဓမ္မာရုံ တတိယထပ်တွင် ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးသာသနာနဂ္ဂဟအသင်း၊ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဂ်ဇောတဓရ ဦးကျော်ခင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးသာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဒေါက်တာရဲအောင် (လူမှုထူးချွန်)နှင့် အမှုဆောင်များ၊ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေး (လူမှုထူးချွန်)၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ သင်တန်းနည်းပြ ဆရာမကြီး ဒေါ်စံပယ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတထံမှ ငါးပါးသီလ ခံယူ ဆောက်တည်၍ ဆရာတော်ကြီးမှဩဝါဒကထာ မိန့်မြွက်ခဲ့ကြောင်း၊ ဆက်လက်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒု-ဥက္ကဋ္ဌ ဦးကျော်ခင်မြင့်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် သာသနာ့အလင်းဂျာနယ်များကို ဓမ္မမြို့နယ်သာသနာ့ရေးမှူး ဦးစံထွန်းအေးက ကိုယ်စား ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က လက်ခံရယူခဲ့ကြောင်း၊ ၎င်းနောက် ယဉ်ကျေးလိမ္မာသင်တန်း ပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို တိုင်းသာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဒေါက်တာရဲအောင် (လူမှုထူးချွန်)က ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက လက်ခံရယူပြီး ခရိုင်သာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ် သာသနာနဂ္ဂဟအသင်း ဥက္ကဋ္ဌ ရဲသူရဦးသန်းလှိုင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

ရန်ကုန်၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်တွင် လူငယ်အဘိဓမ္မာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် နွေရာသီ အခြေခံလူငယ်အဘိဓမ္မာ သင်တန်းကို (၁.၃.၂၀၁၃) ရက်နေ့မှ (၁၉.၃.၂၀၁၃) ရက်နေ့အထိ (၁၉) ရက် ဖွင့်လှစ်ကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းကို (၁.၄.၂၀၁၃) မှ (၁၀.၄.၂၀၁၃) ရက်နေ့အထိ (၁၀) ရက် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/ သူ (၁၅၀) ဦး သင်ကြားပေးခဲ့ကြောင်း၊ ၎င်းနောက် ရန်ကုန်တိုင်းဒေသကြီးသာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဦးရဲအောင် (လူမှုထူးချွန် ပထမဆင့်) မှ အဖွင့်အမှာစကား ပြောကြားပြီး သာသနာ့အလင်းဂျာနယ်များကို ဆရာဦးအုန်းမြင့် (ရပ်ကွက်သာသနာနဂ္ဂဟအသင်းဥက္ကဋ္ဌ) ထံ ပေးအပ်ပြီး သင်ရိုးညွှန်းတမ်း၊ ဖလာစာအုပ်၊ ဘောလ်ပင်များကို သင်တန်းတာဝန်ခံ ဒေါ်နီနီနွယ် (ကဿ-၆ဂု၂/၂၀၁၂) ထံ ပေးအပ်ခဲ့ကြောင်း၊ ဆုပေးပွဲ အခမ်းအနားတွင် (၂၉) ကြိမ်မြောက် သံဃမဟာနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော နိုင်ငံတော်စာမေးပွဲများတွင် သုံးဘာသာဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ (၉) ဦးတို့အား တက်ရောက်လာသော အရှေ့ပိုင်းခရိုင် သာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဦးကိုကိုစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ပညာရေးမှူး ဒေါ်ကြည်ကြည်ဝေ၊ မြောက်ဥက္ကလာပမြို့နယ်သာသနာနဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးလှကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဝင်းလှိုင်တို့မှ အသီးသီး ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။ (ဒေါ်နီနီနွယ်၊ ကဿ-၆ဂု၂/၂၀၁၂)

သာသနာပြုခြင်းဖြင့်
လူပြည်နတ်ရွာ
အလုံးစုံသောချမ်းသာကိုရ၏။
အဆုံးစွန်သောဘဝ၌
နိဗ္ဗာန်ချမ်းသာကိုလည်းရ၏။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ (၁၀) ရပ်ကွက် အောင်ရတနာဓမ္မာရုံတွင် သာသနာနုဂ္ဂဟအသင်း ရုံးဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲနှင့် လူငယ်မောင်မယ် (၂၅၀) ဦးတို့အား ယဉ်ကျေးလိမ္မာ သင်တန်း ဖွင့်ပွဲ ကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနဂ္ဂဟအသင်း၊ ရန်ကုန်တိုင်းဒေသကြီးသာသနာနဂ္ဂဟအသင်း၏ လမ်းညွှန်မှုကို ခံယူလျက် လှိုင်သာယာမြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ အောင်ရတနာဓမ္မာရုံ၌ (၂၄.၃.၂၀၁၃) ရက်၊ နံနက် (၈:၀၀) နာရီအချိန်တွင် အမှတ် (၁၀) ရပ်ကွက် သာသနာနဂ္ဂဟအသင်း ရုံးခန်းဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲနှင့် လူငယ်မောင်မယ် (၂၅၀) ဦး တက်ရောက်သင်ကြားသော နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သာသနာနဂ္ဂဟအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းများမှ အဖွဲ့ဝင်များ၊ ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားရေးတာဝန်ခံ ဦးမျိုးကျော် ဦးဆောင်သော ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပါကြောင်း၊ ၎င်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အမှတ် (၁၀) ရပ်ကွက်သာသနာနဂ္ဂဟအသင်း ရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ခရိုင် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အမှတ် (၁၀) ရပ်ကွက် သာသနာနဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အလုပ်အမှုဆောင်များက ဆိုင်းဘုတ်အား နံ့သာရည်များ ပက်ဖြန်းလျက် ဆုတောင်းခြင်းများ ဆောင်ရွက်ကြပါကြောင်း၊ ဆက်လက်၍ လူငယ်မောင်မယ် (၂၅၀) ဦးတို့ တက်ရောက်သင်ကြားသော နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြောက်ပိုင်းခရိုင်သာသနာနဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးထိန်ဝင်းမှ အဖွင့်အမှာစကား ပြောကြားကြောင်း၊ ၎င်းနောက် ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားရေးတာဝန်ခံ ဦးမျိုးကျော်မှ သင်တန်းအကြောင်း၊ သိကောင်းစရာများ၊ ပြောကြားပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သာသနာနဂ္ဂဟအသင်းမှ လှူဒါန်းသော ယဉ်ကျေးလိမ္မာ ပြဋ္ဌာန်းစာအုပ်နှင့် စာရေးကိရိယာများအား မြောက်ပိုင်းခရိုင်သာသနာနဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဦးတင်အောင်မှ ပေးအပ်ရာ လှိုင်သာယာမြို့နယ်သာသနာနဂ္ဂဟအသင်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးအောင်ကြည်မှ လက်ခံရယူပါကြောင်း၊ ထို့နောက် လှိုင်သာယာမြို့နယ်သာသနာနဂ္ဂဟအသင်း၊ ဥက္ကဋ္ဌ ဦးစိန်ကြိုင်မှ ကျေးဇူးတင်စကား ပြောကြားပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုတောင်း၍ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ (ဦးစိန်ကြိုင်၊ ဥက္ကဋ္ဌ၊ လှိုင်သာယာမြို့နယ် သာသနာနဂ္ဂဟအသင်း)

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး

ကဆုန်လပြည့်နေ့ ဗုဒ္ဓပူဇနီယ မင်္ဂလာပွဲတော်ကြီး

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနီယမင်္ဂလာပွဲကို (၁၃၇၅) ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၁၃ ခုနှစ်၊ မေလ၊ (၂၄) ရက်၊ သောကြာနေ့ နံနက် (၉း၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်၊ မင်းကြီးလမ်းရှိ ဓမ္မာသိဒ္ဓိမဟာသံ့သာရဘုရားကျောင်း၌ ကျင်းပခဲ့ပါကြောင်း။ အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ၊ ထေရဝါဒ ဗုဒ္ဓဘာသာသနာပြုဩဝါဒါစရိယ ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ (မဟာသံ့သာရဆရာတော်) နှင့် ပင့်သံဃာတော်များ၊ ထေရဝါဒ ဗုဒ္ဓဘာသာသနာပြုရဟန်းတော် သင်တန်း အမှတ်စဉ် (၂၃) မှ ရဟန်းတော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒါယကာ၊ ဒါယိကာမများတို့ တက်ရောက်ကြပါကြောင်း။ ဗုဒ္ဓပူဇနီယပွဲတော်အပြီးတွင် ကြွရောက်လာကြသော သံဃာတော် (၅၄) ပါးအား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ၊ ထေရဝါဒ ဗုဒ္ဓဘာသာသနာပြုဩဝါဒါစရိယ ဆရာတော်များအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ (မဟာသံ့သာရဆရာတော်) နှင့် ဒါယကာ၊ ဒါယိကာမများက တစ်ပါးလျှင် သင်္ကန်း (၁) စုံနှင့် နဝကမ္မအလှူငွေ (၁၅၀၀ိ/-)၊ ဦးငယ်ဆောင်မိသားစုက တစ်ပါးလျှင် နဝကမ္မ (၁၅၀၀ိ/-)၊ ကိုကျော်မင်းဦးမိသားစုက မိနစ် (၁) ရုံး ဒေါ်စိန်ရွှေမိသားစုက တစ်ပါးလျှင် နဝကမ္မ (၂၀၀ိ/-) စီနှင့် ပုတ်ကားရွှေမိုင်မိသားစုမှ ဆေးဝါးဘူး ခဲတံ၊ ဘောလ်ပင် များ၊ ခဲဖျက်များ၊ စာရွက်စာတမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

ရန်ကုန်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ပါဠိ ပထမပြန် ဧကမေးပွဲ ကျင်းပ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ အမှက (၇) တွင် (၈.၅.၂၀၁၃) ရက်နေ့မှ (၁၄.၅.၂၀၁၃) ရက်နေ့အထိ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် သာသနာနုဂ္ဂဟအသင်းမှ ပူးပေါင်းကူညီ၍ ပါဠိပထမပြန် ဧကမေးပွဲကို ကျင်းပခဲ့ပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် ကြီးကြပ်ရေးဆရာတော်များအား (၂၀၁၃) ခုနှစ်၊ မေလ၊ (၁၄) ရက်နေ့ နံနက် (၁၀း၃၀)နာရီတွင် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (မဝင်းဝင်း၊ ကသ - ၇၄)

မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာသာသနာနုဂ္ဂဟအသင်း ရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာ သာသနာနုဂ္ဂဟအသင်း ရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲမင်္ဂလာ အခမ်းအနားကို (၂၀၁၃) ခုနှစ်၊ မတ်လ၊ (၆) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် ရွှေလင်ပန်းကျေးရွာအုပ်စု၊ စိတ္တသုခ ဆွမ်းလောင်းအသင်းမှော်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်၊ မြောက်ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ်သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစိန်ကြိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရွှေလင်ပန်းကျေးရွာအုပ်စု သာသနာနုဂ္ဂဟအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆွမ်းလောင်းအသင်းအဖွဲ့ဝင်များနှင့် မွေးမိတ်ရွေ ရပ်မိရပ်ဖများ တက်ရောက်ကြပါကြောင်း။ ၎င်းနောက် ရန်ကုန်၊ မြောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးထိန်ဝင်းက အဖွင့်အမှာစကား ပြောကြားပါကြောင်း။ ထို့နောက် သာသနာ့အလင်းဂျာနယ်များကို လှိုင်သာယာမြို့နယ်သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစိန်ကြိုင်က ပေးအပ်လှူဒါန်းရာ ရွှေလင်ပန်းကျေးရွာအုပ်စု သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးချစ်သင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း၊ ဆက်လက်၍ ရွှေလင်ပန်းကျေးရွာအုပ်စု သာသနာနုဂ္ဂဟအသင်း နာယက အဖွဲ့ဝင် ဦးတင်မောင်နှင့် သမီး မခန္တီခန့် မိသားစုမှ လှိုင်သာယာမြို့နယ် ဆေးရုံကြီးတွင် သုံးစွဲရန် တန်ဖိုးငွေ (၉) သိန်းတန် ဖွဲ့ချပ်စက်တစ်စုံအား လွှဲပြောင်းလှူဒါန်းပြီး နံနက် (၁၀း၃၀) နာရီအချိန်တွင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ (ဦးစိန်ကြိုင်၊ ဥက္ကဋ္ဌ၊ လှိုင်သာယာမြို့နယ်သာသနာနုဂ္ဂဟအသင်း)

ဥစ္စာလေးစု အလေးပြု

သတ္တုမှုန်၊ ဘုမရှိသား၊
နိဓိကဏ္ဍာ၊ သုဝဏ္ဏလှပယ်၊
ဒါနသီလ၊ ညီမျှသမာ၊
မြတ်ပညာလျှင်၊ ဥစ္စာလေးစု၊
အနုဂါမိက၊ သိထကြောင်းကာ၊
သံသရာတစ်လျှောက်၊ ဖေးရောက်ရန်၊
နောက်ကလိုက်ပါ၊ စိုက်စိုက်လာ၍၊
ရိုက်ရာကြိုးစား အကျိုးများ။ ။
ဆိုက်ကာနိုးကြား အတိုးပွား။ ။
ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊
သုံးသွယ်ဒါန၊ သီလပညာ၊
ရှစ်ဖြာမဂ္ဂင်၊ သုံးဆင့်ဆင်သ၊
သီလသမာ၊ ပညာမွှင့်ပန်း၊
ဂုဏ်တင့်လန်း၍၊ ဝင့်ဆန်းဒါန၊
ဥပပါရ၊ မြတ်စာဂငှ့၊
ကာလထာဝရ၊ များဒါနနှင့်၊
သီလနှစ်စား၊ ငါးပါးရှစ်ပါး၊
ကိုးပါးဆယ်ပါး၊ သမာဓိအားဖြင့်၊
မွားများပညာ၊ ဘာဝနာ၊
ဗုဒ္ဓါပေးဆု အဓရေးမှု။ ။
ဥစ္စာလေးစု အလေးပြု။ ။

ဖောင်ငနေလ

ပြည်တွင်း သာသနာရေးဆိုင်

မိုးကုတ်ဝိပဿနာ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်ကြီးတွင် ရဟန်း



ပခုက္ကူမြို့နယ်၊ ကံလှကျေးရွာ၊ တောင်ဇလပ်လှုငယ်မျိုးခင်းသင်တန်းကျောင်းတွင် ရှင်သာမဏေ (၁၀၈) ပါးနှင့် အခြားဘာသာဝင် (၇၇) ဦးအား ဗုဒ္ဓဘာသာဝင်အဖြစ်သို့ သွတ်သွင်းချီးမြှင့်

ပခုက္ကူမြို့နယ်၊ ကံလှကျေးရွာရှိ သာသနာရေးဦးစီးဌာနမှ တည်ထောင်ဖွင့်လှစ်ထားသော တောင်ဇလပ်လှုငယ်မျိုးခင်းသင်တန်းကျောင်းသို့ ပခုက္ကူမြို့နေ ကြီးတော်ကြီး ဒေါ်ခင်ထွေးအေး အမှူးထား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဒု-ဥက္ကဋ္ဌ ဒေါက်တာဦးရဲအောင် (လူမှုထူးချွန်) + သီဟသုဓမ္မသီရီ ဒေါ်ခင်လှဲ့လှဲ့ဝင်းနှင့် သမီးဖြစ်သူ မစုရွှေဝင်းအောင်၊ မသီရိဝင်းအောင်၊ မကုဓမ္မကြွယ်မဲ့အောင် မိသားစုတို့က (၃.၃.၂၀၁၃) ရက်နေ့တွင် ကလေးငယ်များအား ကျောင်းဝတ်စုံဖြစ်သော အင်္ကျီအဖြူ (၁၀၀) ထည်၊ လုံချည်အစိမ်း (၁၀၈) ထည်၊ စာအုပ်ကျောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ညက်တော် (၈) လက်မ (၁၀၈) ဆူ၊ သင်တန်းကျောင်းတွင် နောက်အစဉ်အဆက် အသုံးပြုနိုင်ရန် ငွေပဒေသာပင် (၁၀) သိန်း၊ သင်တန်းသားများအတွက် ဆေးဝါးနှင့် ဆပ်ပြာများ ထည့်သွင်းလှူဒါန်းခြင်း အစရှိသည်ဖြင့် ထည့်သွင်းလှူဒါန်းမှုတော်ခဲ့ကြောင်း၊ (၁၈.၄.၂၀၁၃) ရက်နေ့ နံနက် (၇း၂၀) နာရီတွင် ရှင်အလောင်း (၁၀၈) ပါးတို့အား ရှင်လောင်းဝတ်စုံအပြည့်ဖြင့် မြို့တွင်းသို့ ကား (၁၀) စီးဖြင့် လှည့်လည်၍ ဘုရားကန်တော့ခြင်း၊ မိုးရာကန်တော့ခြင်းနှင့် မိုးရာနှင့်ဆိုင်သော ကိစ္စရပ်များ ဆောင်ရွက်ခဲ့ကြောင်း၊ (၁၉.၄.၂၀၁၃) ရက်၊ သောကြာနေ့ နံနက်ပိုင်းတွင် လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော် (၁၃၀) ဆူတို့အား အနေကဇာတင်ခြင်း၊ ရှင်လောင်းများအားလည်း ဆံချခြင်း၊ မြန်မာ့ဆိုင်းဝိုင်းကြီးများဖြင့် စည်ပဲ့ခြင်း၊ ပေါင်ရုပ်လောင်းများမှ သင်္ကန်းတောင်းခြင်းနှင့် ပြုလုပ်၍ ကြွရောက်ချီးမြှင့်သော ဆရာတော်ကြီးများ ဖြစ်သည့် အလယ်တိုက်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဟယ်ဂျိသံဃနာယက ဦးစိတ္တ၊ အရှေ့တိုက်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ပြဲခါင်း ဘဒ္ဒန္တနန္ဒိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဟယ် သံဃနာယက မဟာဝိသုဒ္ဓာရာမတိုက် ဘဒ္ဒန္တသောဘဏ ဆရာတော်ကြီး (၂၇) ပါးတို့မှ တရားရေအေးတိုက်ကျွေး၍ ပဗ္ဗဇ္ဇကမ္မ ရှင်သာမဏေအဖြစ်သို့ ချီးမြှင့်ပေးကြကြောင်း၊ ထို့အပြင် ချင်းပြည်နယ် (တောင်ပိုင်း)၊ မင်းတပ်၊ ကန်ပက်လက်မြို့နယ် အနီးတစ်ဝိုက်ရှိ ဗုဒ္ဓဘာသာ စိမ့်လိုသော ချင်းတိုင်းရင်းသား၊ မိသားစု (၂၀) စု၊ လူဦးရေ (၇၇) ဦး တို့အားလည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် (၂၀) ဆူအား လှူဒါန်းပေးခဲ့၍ ညီနောင်တိုင်းရင်းသား (၇၇) ဦးတို့အား ဗုဒ္ဓဘာသာဝင်အဖြစ် လက်ခံနိုင်ခဲ့ကြောင်း၊ အဆိုပါ အိမ်ထောင်စု (၂၀) စုတို့၏ အိမ်အမိုးများ ပြုပြင်ရန် ကျပ် (၅၀၀၀၀) စီ လှူဒါန်း ကူညီပေးနိုင်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

...ရာ ကြိုးပမ်းဆောင်ရွက်မှုများ

...ခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာနှင့် အထူးတရားစခန်းပွဲ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာ မွေးရိပ်သာအမှတ် (၇၇) တောရတင်ဦးကျောင်းတိုက်တွင် (၁၈၅၂၀၁၃) ရက်၊ ဗုဒ္ဓဟူး နေ့တွင် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပကြောင်း၊ တစ်ပြိုင်တည်းမှာပင် ခုနစ်ရက် အထူးတရားစခန်းဖွင့်ပွဲ ကျင်းပကြောင်း သိရှိရပါသည်။ ရွှေလရောင်ဝင် သင်တန်းမှ ရဟန်းဘောင်သို့ အပါး (၆၀)၊ သီလရှင် အပါး (၆၀)၊ ယောဂီဝတ် (၂၅၀) ဦးတို့ကို (၁၈၅၂၀၁၃) မှ (၇၅၂၀၁၃) ရက်နေ့အထိ တရားအားထုတ်ကြောင်း၊ မိုးကုတ်ဝိပဿနာ အောင်ဆန်းတောရ တင်ဦးကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဖြည့်တွင်းဖြည့်ပ သာသနာ့ပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဗ္ဗညုကိတ္တိသာရနှင့် နှစ်ဖက်သော မိဘ များ ဦးထိပ်ထား၍ သီရိပုံနှိပ် ဦးတင်ရွှေ (ဝန်ကြီး၊ ဗိုလ်ချုပ်-ငြိမ်း) + ဒေါ်လှလှသိန်း၊ သားသမီးမြေး မိသားတစ်စုတို့မှ သာသနာ့ရဟန်းဒါယကာ၊ အိမ်ဒါယကာအဖြစ်ခံယူ၍ မွေးမိတ်ဆွေ ရဟန်းလောင်း (၆၀) ဦးတို့အား ရဟန်းဘောင်သို့ လည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်အပါး (၆၀) ကိုလည်းကောင်း သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းနောက် ရွှေဥဂ္ဂါရောက် ခုနစ်ရက် အထူးတရားစခန်းပွဲကိုလည်း ဒါယကာမြှူပျကြည်လိုလပ်ယူခဲ့ကြောင်း သတင်းရရှိပါသည်။

ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား အမှူးထား၍

ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်တွင် ရှင်အပါး (၁၀၀) အလှူတော်မင်္ဂလာ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (၂၆) ရပ်ကွက်၊ ပုလဲရတနာလမ်း၊ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်တွင် (၂၅၅၂၀၁၃) ရက်၊ ကြာသပတေးနေ့ (၁၃၇၅) ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့တွင် ရှင်အပါး (၁၀၀) အလှူတော် မင်္ဂလာကို ကျင်းပရာ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား အမှူးထား၍ သံဃာတော်အပါး (၃၀၀) ကျော်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ထောက်လှမ်းဆဲ ရွှေရတုတိပိဋက သုံးထပ်ကျောင်းဆောင်ကြီးအတွက် ကျပ်သိန်း (၅၀) လှူဒါန်းခြင်းနှင့် သာသနာ့အမွေ ခံယူရာတွင် အလှူ့ဒါယကာ ဦးတင်ဝင်း၊ အလှူ့ဒါယိကာမ သီရိသုခမွေသိင်္ဂီ ဒေါ်ခင်ကြည် (ဆေးကိုတိုဘီကော်) မိသားစုမှ ဒါယကာပြုကာ ကျင်းပကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း

Federation of All Myanmar Theravada Buddhists and Association for Promotion of Buddhasãsanã in Border Regions of Myanmar

အသင်းကြီး၏ ရည်ရွယ်ချက်

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နယ်စပ်နှင့်တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများ ဗုဒ္ဓဘာသာ တရားတော်နှင့်အညီ ကောင်းသော အသက်မွေးဝမ်းကျောင်းမှုတို့ဖြင့် စီးပွားရေး လူမှုရေးဘဝ မြင့်မားလာစေရန်။

(ခ) မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ နယ်စပ်နှင့်တောင်တန်းဒေသများတွင်နေထိုင်ကြသော တိုင်းရင်းသားများအား ဗုဒ္ဓမြတ်စွာ၏အဆုံးအမကို ခံယူနိုင်စေရန်နှင့် ရတနာသုံးပါးကို မှီခိုအားထား ဆည်းကပ် ပူဇော်ခွင့် ရရှိနိုင်ကြစေရန်။

(ဂ) စိတ်ထားဖြူစင်၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်။

(ဃ) ပါဠိနှင့်မြန်မာဘာသာစာပေများကို တတ်မြောက်ပြီး ဗုဒ္ဓတရားတော်ဆိုင်ရာ ပညာဗဟုသုတ ပြည့်ဝကြွယ်ဝသောသာသနာပြု ပုဂ္ဂိုလ်အများအပြား ပေါ်ထွန်းလာစေရန်။

(င) မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တောင်ပေါ်နှင့်မြေပြန့်တိုင်းရင်းသားအချင်းချင်း ယုံကြည်ချစ်ခင် လေးစားမှု ပိုမိုတိုးပွားလာစေရန်။

(စ) သာသနာပြု ရဟန်း၊ သံဃာနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် မပင်မပန်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအထောက်အပံ့များ အကူအညီများ လှူဒါန်းပေးနိုင်ရန်။

(ဆ) သာသနာပြုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရာတွင် အဆင့်ဆင့်သော သာသနာနုဂ္ဂဟအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

သာသနာ့အလင်း မှတ်စု

ခင်မောင်ရင် စုစည်း ပူဇော်တင်ပြသည်။

၁၄၅။ ဆုပေးခြင်း

ဘုရား၊ ရဟန္တာ၊ အရိယာသူတော်စင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုပြုသူအား တောင်းသည့်ဆုနှင့် ပြည့်စုံပါစေဟု ဆုပေးကြလေ့ရှိပါသည်။ "သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ" ဟူ၍ ပဋ္ဌာနပါဠိတို့က ဆုပေးလေ့ပေးထ ရှိပါသည်။ အဓိပ္ပါယ်မှာ အလုံးစုံသော အကြံအစည် ဆန္ဒတို့သည် လပြည့်နေ့ထွက်သည့် လမင်းကြီးပမာ ပြည့်စုံပါစေကုန်သတည်း ဟူ၍ဖြစ်သည်။ "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" ဟူ၍လည်း ဆုပေးကြ၏။ အဓိပ္ပါယ်မှာ အလိုရှိတိုင်း၊ တောင့်တသော ဆန္ဒအတိုင်း သင့်အား ဆောလျင်စွာသာလျှင် ပြည့်စုံပါစေ ဟူ၍ဖြစ်၏။ ဗုဒ္ဓဘာသာ တရားတော်များ၌ ဆုတောင်းခြင်းနှင့် ဆုပေးခြင်းတို့ကို များစွာ ဟောကြားထားသည်ဖြစ်ရာ ဆုတောင်းခြင်း၊ ဆုပေးခြင်းတို့မှာ ဒေသနာတော်နှင့် ညီပါသည်။

၁၄၆။ ပရိက်ပြုခြင်း (ဝါ) ပုဇ္ဇော်ပြုခြင်း

သမထ ဘာဝနာနှင့် ဝိပဿနာတရား၊ အားထုတ်မှုဘာဝနာများ မပြုလုပ်မီ ရှေးဦးစွာ စေတီ၊ ရုပ်ပွားတော်၊ ဘုရားစင် စသည်တို့၌ ဘုရားရှိခိုးခြင်း၊ သီလယူခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်း စသော ပဏာမကိစ္စများ ဆောင်ရွက်သည်ကို ဆိုလိုသည်။

၁၄၇။ ဘုရားပင့်ခြင်း

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားမရှိခိုးမီ ဘုရားပင့်ကြလေ့ ရှိပါသည်။ မြန်မာနိုင်ငံတွင် ရှေးရိုးအစဉ်အဆက် ရွတ်ဆိုဘုရားပင့်ကြသော ဂါထာတော်များအနက် အောက်ဖော်ပြပါ ရောင်ခြည်တော် ဘုရားပင့်ဂါထာသည် အထင်ရှားဆုံးဖြစ်သည်။ "အဘိရူပဿ၊ ဥဂ္ဂတဿ၊ အဂ္ဂပတိဘောဂဿ သိရိမဿ၊ ပတိရူပ ဝိရောစတိ၊ ဓိနိနာဒေ ဂ္ဂာတုံ သီလဂေ" အဓိပ္ပါယ် အနက်ချုပ်မှာ သုံးပါးဆယ်လီ ပါရမီတော်အဟုန် တန်ခိုးတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် အဘိရူပ ဟူသော ဘွဲ့ထူးကို အုံကျူး နှုန်း ဘက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အကျွန်ုပ်၏ ဦးခေါင်းရတနာထက်၌ ဘေးရန်ခပ်သိမ်းကင်းငြိမ်း စေမှု မေတ္တာပြုပြီး ရုပ်တန့်ရွှင်ကြည် တည်နေသီတင်းသုံးတော်မူလှည့်ပါ ဝိန်ရောင်ခြည် နေတန်းသို့ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား ဟူ၍ဖြစ်သည်။

စာရေးသူသည်လည်း သက်ကြီးဝါကြီး ပုဂ္ဂိုလ်တစ်ဦးက နုတ်တက်ချပေးသော အောက်ပါမြန်မာဘာသာဖြင့် ဘုရားပင့်ပြီးမှ ဘုရားရှိခိုးပါသည်။

"ဘုန်းတော်ခြောက်ပါး၊ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ ဤအခန်း၊ ဤကျောင်းဆောင်ပေါ်သို့ ကျောင်းအမှတ်ဖြင့် သီတင်းသုံးရန် အရှင်မဟာမောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်သီဝလိ၊ အရှင်ဥပဂုတ္တ အစရှိသော ရဟန္တာမထေရ်မြတ်များ ခြံရံလျက် ကြွရောက်တော်မူပါ အရှင်မြတ်ဘုရား"

၁၄၈။ ဘုရား အနေကဇာတင်ခြင်း

မြတ်စွာဘုရားသည် တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ကို ရရှိပြီး ဘုရားဖြစ်တော်မူသည့်အခါ အားရကျေနပ်တော်မူသဖြင့် "အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ" အစရှိသော ဂါထာတော်ကို စိတ်တော်ထဲမှ ကျူးရင့်တော်မူပါသည်။ "ငါသည် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား ဘုရားအဖြစ်သို့ ရောက်ပြီ၊ ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ပြီ၊ ငါသည် သတ္တဝါအပေါင်းတို့ကို ဘဝသုံးပါးမှ လွတ်မြောက်အောင် တရားဟော တော်မူနိုင်ပြီ" ဟု နှစ်သက်အားရ ပီတိဖြစ်တော်မူသဖြင့် ကျူးရင့်သော ဥဒါန်းဂါထာတော်ဖြစ်၏။ ထိုဂါထာတော်ကို "ပထမ ဗုဒ္ဓဝစန" (ပထမဆုံး ဘုရား နှုတ်မြွက်စကားတော်) ဟု ခေါ်ကြသည်။ ယခုခေတ်တွင် ဗုဒ္ဓဆင်းတုတော်အသစ်တစ်ဆူကို စတင်ကိုးကွယ်မည်ဆိုလျှင် ဘုရားကိုယ်စား သံဃာတော်များက ထိုဥဒါန်းဂါထာတော်ကို ရွတ်ဆိုပြီး ဘုရားအဖြစ် သိမ္မီတင်ပေးသော ဓလေ့ဖြစ်လေသည်။ ထိုသို့ သိမ္မီတင်ခြင်းကို ဘုရားအနေကဇာတင်သည်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

၁၄၉။ ဘုရားကိုးဆူ ပူဇော်ခြင်း

မြေပဒေ အဋ္ဌကထာ၌ ပါရှိသော အာယုဝဍ္ဍနဝတ္ထုကို အခြေခံကာ တီထွင်ထားသော ပူဇော်ပွဲတစ်ရပ် ဖြစ်၏။ မြတ်စွာဘုရားသည် ခုနစ်ရက်အတိသာ အသက်ရှင်၍ ရှိရက်ခြောက်နေ့တွင် ဘီလူးအစားခံရမည်ဆိုသော ပုဏ္ဏားသားကလေးအား ရဟန္တာတို့ဝန်းရံ၍ ခုနစ်ရက်လုံးလုံး ပရိတ်တရားတော်များ ရွတ်ပေးပြီး ခုနစ်ရက် မြောက်နေ့၌ မိမိကိုယ်တော်တိုင်လည်း ကြွရောက်ရွတ်ဆိုပေးခဲ့သောကြောင့် သေဘေးမှ ကင်းလွတ်ခဲ့သော ဝတ္ထုဖြစ်သည်။ (ရှေ့လာစ်ပတ် ဆက်ဖတ်ပါ)

Maha Gandha Bell, Shwedagon Pagoda, Yangon, Myanmar.

တတ်ပုံသည် သယံနီးကြွန်းမြိုနယ်၊ စာရေးဆရာကြီး ဦးဝင်းမောင်တင် ပေးပို့သော ရှားပါးသည့် နိုက်ကွင်းနိုက်ကွက်ကောင်းသည့် ဓာတ်ပုံဖြစ်ပါသည်။ ဆရာကြီး ဦးဝင်းမောင်တင်သည် ရှေးသရောအခါက သာသနာပြု ရွှေပြည်တော်ဦးဘတင်၏ သားဖြစ်ပါသည်။ ရွှေပြည်တော်ဦးဘတင်၏ သာသနာနုဂ္ဂဟအသင်း၊ အကျိုးတော်ဆောင် ဖြစ်ခဲ့ပါသည်။

အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ရာတွင် ပါဝင်လှူဒါန်းခြင်းဖြင့် သာသနာနုဂ္ဂဟ ဂုဏ်ထူးဆောင်အသင်းဝင်အဖြစ် ခံယူပါ

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းကြီးသည် ဖော်ပြထားသော ရည်ရွယ်ချက်များနှင့်အညီ နယ်စပ်ဒေသများ၌ မြတ်ဗုဒ္ဓ၏ အဆုံးအမကို ခံယူသူများအား ကြီးဆိုထောက်ပံ့ခြင်း၊ ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့၏ သာသနာပြု လုပ်ငန်းများကို ပစ္စည်းလေးပါး လှူဒါန်းခြင်းနှင့် ဆေးဝါးကုသပေးခြင်း၊ လူငယ် လူရွယ်များအကြား ဗုဒ္ဓတရားတော်များကို နားလည်ခံယူ ကျင့်သုံးလာစေရန် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်ပေးခြင်းနှင့် သာသနာတော်အတွက် အခြား လှူဒါန်းမှုအရပ်ရပ်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ဤသို့ ကြီးကျယ် မြင့်မြတ်သော လုပ်ငန်းများအတွက် ငွေကျပ် ငါးသောင်း (၅၀၀၀၀ိ/-) နှင့်အထက် ပါဝင်လှူဒါန်းထောက်ပံ့သူ မည်သူမဆိုအား အသင်းကြီးမှ ဂုဏ်ထူးဆောင်အသင်းဝင်အဖြစ် သတ်မှတ်၍ သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် ဆင်မြန်းရန် ကြေးတံဆိပ်ကိုလည်း ချီးမြှင့်ပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့အား လိုက်လှဲစွာ ကြိုဆိုနေပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးသား၊ အမျိုးသမီး အားလုံးတို့အား သာသနာနုဂ္ဂဟ ရာသက်ပန် အသင်းဝင်များအဖြစ် ဖိတ်ခေါ်ပါသည်။

ဘုရားမှတစ်ပါး အခြား ကိုးကွယ်စရာ မရှိ၊ တရားမှတစ်ပါး အခြား ကိုးကွယ်စရာ မရှိ၊ သံဃာမှတစ်ပါး အခြား ကိုးကွယ်စရာ မရှိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ သဗ္ဗသိဒ္ဓိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ သဗ္ဗသိဒ္ဓိ၊ သံဃံ သရဏံ ဂစ္ဆာမိ သဗ္ဗသိဒ္ဓိ။ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း သာသနာနှစ် (၂၅၀၀) လွန်မြောက်ပြီး ဆက်၍ နှစ်ပေါင်း (၅၀၀၀) မက ကြာရှည်တည်တံ့အောင် သာသနာ့ အကျိုး ဆောင်ရွက်တော်မူကြပါကုန်လော့။ သာသနာ့ တာဝန်ကို ပခုံးတစ်ဖက်ဖြင့် ထမ်း၍ အခြားတာဝန်များကို ပခုံးတစ်ဖက်ဖြင့် ထမ်းတော်မူကြပါဟု ကြေညာ မောင်းခတ်လိုက်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်း ဒေသ သာသနာနုဂ္ဂဟအသင်းကြီးက သင့်အား အသင်းဝင်ကြေး ပေးစရာမလို၊ လစဉ်လှူဒါန်းကြေးလည်း ပေးစရာမလိုဘဲ ရာသက်ပန်အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် မျှော်လင့်ကြိုဆိုနေပါသည်။ ရင်ထိုးတံဆိပ်လည်း အခမဲ့ပေးပါမည်။ ဗုဒ္ဓ သာသနာတော်ကြီးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်တော်မူကြပါ ဘုရား၊ သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်အပေါင်းတို့။

(သာသနာနုဂ္ဂဟအသင်းကြီး ဖုန်း - ၀၁ ၆၅၅၉၇၃၊ ၆၅၆၆၂၅ ကို ဆက်သွယ်ကြပါ။)

နယ်ခံနှင့် တောင်တန်းဒေသ သာသနာပြုသင်တန်း အမှတ်စဉ်(၂၃)နှင့် အမှတ်စဉ်(၁၀) ဆေးသင်တန်းဖွင့်ပွဲ အခမ်းအနား(၂.၅.၂၀၁၃)ရက်၊ ကြာသပတေးနေ့တွင် ဟောကြားသော ထေရဝါဒ ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကုမာရ၏ ဩဝါဒကထာ

ယခင်အပတ်မှအဆက် -

အရှင်ဘုရားတို့လည်း သင်ဖူးမှာပါပဲ။ မြတ်စွာဘုရား အင်္ဂုတ္တိုရ်မှာ ဟောကြားထားတာကို စာဆိုပညာရှင်များက ဖွဲ့ဆိုထားတဲ့ ကဗျာလင်္ကာတပိုဒ်ကလေးကို တပည့်တော် ကိုးကားပြည့်စွက် ဟောကြားချင်ပါတယ်။ အဲဒီမှာ ဘယ်လို ဆိုထားလဲ ဆိုရင် - "အကျိုးဆောင်ပြား ...

ရန်ကုန်၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ မာရ်အောင်ဝမ္မာရုံတွင် လူငယ်မောင်မယ် (၂၆၀) ဦးအား ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်ခံ တောင်တန်းဒေသ သာသနာ့နွယ်ဟာအသင်း ရန်ကုန်တိုင်းဒေသကြီးသာသနာ့နွယ်ဟာအသင်း၏ လမ်းညွှန်မှုကိုခံယူလျက် လူငယ်မောင်မယ် (၂၆၀) ဦး တက်ရောက်သင်ကြားသော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ မာရ်အောင်ဝမ္မာရုံတွင် (၂၀၁၃) ခုနှစ်၊ မေလ (၂) ရက်၊ နံနက် (၉:၀၀) နာရီက ကျင်းပရာ ...

F3B

အထက်စက်တော်ရာမှရရှိသော မြတ်စွာဘုရားရှင်၏ခြေမတော်ရာ

အထက်စက်တော်ရာမှ ရရှိသော ခြေမတော်မှာ စလင်းဆရာတော်ဘုရားကြီးထံတွင်ရှိကြောင်း သိရပါသည်။ စာလီတောင်ဆရာတော် ဦးသုမင်္ဂလနှင့် စလင်းဆရာတော်တို့သည် တရားအတူတကွ အားထုတ်သူများဖြစ်ကြောင်း သိရပါသည်။ အထက်စက်တော်ရာမှ ရရှိသော ခြေမတော်ဓာတ်လမ်းမှာ ဤသို့ ဖြစ်ပါသည်။ အထက်စက်တော်ရာ တည်ရှိတော်မူသော တောင်ကမ်းပါးမှာ ပဲ့ကျသဖြင့် မြေပြိုသောအခါမှ လွတ်ကင်းရန် စိုးရိမ်တော်မူသဖြင့် လယ်ကိုင်းဆရာတော်ကြီး ဦးဆောင်၍ ဘေးလွတ်ရာသို့ ရွှေပြောင်းရာ ခြေမတော်လေး ပဲ့ပါလာခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် လယ်ကိုင်းဆရာတော်ကြီး ခြေတော်ရာရွှေမှုဖြင့် မျက်စိနှစ်ကွင်း ကွယ်သွားလေသည်။ ထိုအခါ လယ်ကိုင်းဆရာတော်ကြီးသည် မိမိသည် ခြေရာပျက်စီးမှာ စိုးရိမ်၍ တစ်ကြောင်း၊ ဘုရားဖူးများ အန္တရာယ်မရှိစေရန်တစ်ကြောင်း၊ စေတနာကောင်းဖြင့် ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း။ နတ်သိကြားတို့သည် ဆရာတော်ကြီးအား မျက်စိ နှစ်ကွင်း အလင်းရစေရန် ကျောင်းတော်ရာရှာ၌နေသော ဆရာတော်၏နေမ မယ်ဝ၏မြို့ထဲမှ သစ်ခြစ်ကိုတွေ့ပြီး မျက်စိကို ကွင်းလိုက်လျှင် အလင်းရမည်ဟု အိပ်မက်ပေးလာ၏။ ဆရာတော်သည် အိပ်မက်အတိုင်း ဆောင်ရွက်ရာ ထင်ကယ်ပင် မျက်စိနှစ်ကွင်း အလင်းရသော်၏။ ထိုခြေမတော်ကလေးမှာ လယ်ကိုင်းဆရာတော်ထံသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရပါသည်။ ထို့နောက်ဆင့် ခြေမတော်မှာ စလင်းဆရာတော်၏ လက်ဝယ်သို့ ရောက်ရှိခြင်းဖြစ်သည်ဟု သိရပါသည်။ ထိုခြေမတော် အဘယ်နေရာရောက်နေသည်ကို ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

မနောမယဆရာတော်ဘုရားကြီး၏ ပိဋကအနှစ်ချုပ်ကျင့်စဉ်များ



မနောမယဆရာတော်ဘုရားကြီးသည် ပိဋကသုံးပုံလာ ကျင့်စဉ်အားလုံးကို အနှစ်ချုပ်လျက် အောက်ပါသံပေါက်လင်္ကာ (၁၈) ပုဒ်တို့ဖြင့် ဟောကြားတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ ဈာန သမာသ အလင်္ကာမြောက်လှသည့် ဒေသနာဉာဏ် ကား အံ့ဖွယ်ကောင်းလှပေတကား။

ဘုံတက်စဉ်

(၁) အကောင်းမြင်သော် လောကပေါ်သေသော် ပြိတ္တာပြည်။ (၂) မကောင်းမြင်သော် ဒေါသပေါ် သေသော် ငရဲပြည်။ (၃) ရိုးတိုးရားတား မြင်သော် မောဟပေါ် သေသော် တိရစ္ဆာန်ပြည်။ (၄) ဒါန သီလမြင်သော် ကုသိုလ်ပေါ် သေသော် လူနတ်ပြည်။ (၅) ကသိုဏ်းမြင်သော် ဈာန်စျာပေါ် သေသော် ဗြဟ္မာပြည်။ (၆) ဖြစ်ပျက်မြင်သော် မဂ်ဖောပေါ် သေသော် နိဗ္ဗာန်ပြည်။

ရူပဈာန် တက်စဉ်

(၁) မျက်စိမှိတ်ကာ မြေရေလေမီး ဖြူနီညိုဝါ လင်းမြင်လာ မှတ်ပါ ပထမဈာန်။ (အခြား ကသိုဏ်းများကိုလည်း ဤနည်း ရှုမှတ်နိုင်ပါသည်။ (၂) ဝိတက် ဝိစာရ ငြိမ်းပြန်က ဒုတိယဈာန်ဟု မှတ်။ (၃) ပီတိတစ်ဖန် ငြိမ်းလေပြန် တတိယဈာန် ဟု မှတ်။ (၄) အသာသာ ပသာသငြိမ်းပြန်က စတုတ္ထဈာန်ဟု မှတ်။

အရူပဈာန်တက်ပုံ

(၁) အဆုံးမထင် ကောင်းကင်မြင် အာကာသာနဥ္စာမှတ်။ (၂) အဆုံးမထင် ဝိညာဏ်မြင် ဝိညာဏဥ္စာမှတ်။ (၃) စိုးစဉ်းမထင် မရှိမြင် အာကိဉ္စညာမှတ်။ (၄) နုညံ့သညာ မြင်သောခါ နေဝသညာမှတ်။ ရူပနှင့်အရူပ နှစ်စုပေါင်းသော် သမာပတ် (၈) ပါးဖြစ်သည်။

မဂ်တက်စဉ်

(၁) ဖြစ်လျှင် ပျက်မှာမြင်သောခါ မှတ်ပါ သောတာပန်။ (၂) ရာဂ ဒေါသ နည်းပါးက မှတ်ပ သကဒါဂါမ်။ (၃) ရာဂ ဒေါသ မရှိက မှတ်ပ အနာဂါမ်။ (၄) ငါငါ မာန မရှိက မှတ်ပ ရဟန္တာ။

မနောမယဆရာတော်ကြီးသည် ပိဋကသုံးပုံကို အကျဉ်းချုံးတော်မူလျက် သံပေါက်လင်္ကာ (၁၈) ပုဒ်တို့ဖြင့် ဘာ အကျိုးဟောတော်မူခဲ့သော မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက် တရားတော်သည် မြတ်ဖူးအံ့ဖွယ်ရှိပေစွတကား။

ကမ္ဘာ့တံဆိပ် ကြာနီမိတ်

ရေး - မြေလတ်မြတ်သူ

ပတ္တမြားပလ္လင်နဲ့ . . . ရွှေကုံ့ကော်ပင် . . .
မြေပြင် ရွှေစင်ခင်း . . . ငွေတလင်း . . . ရွှေအဆင်း . . .
နေအလင်းရောင်စုံယှဉ် . . .
အညစ်အကြေး . . အပြစ်ဘေးကင်းစင် . . .
စည်မျက်နှာပြင်ကဲ့သို့ . . . ညီညာကြည်လင် . . .
လူ့အပေါင်းတို့တွင် . . .
မနသီစိတ်ထား . . . နိုးကြားရိုးသား . . .
အလွန် ဖြူဖြူစင် . . .
(ငါးပါးသီလ သရဏဂုံ . . . လုံခြုံစေရမည် . . .
ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာသည် . . .
လူအများ စွဲယုံကြည်)
(ကမ္ဘာ့တံဆိပ် . . ကြာနီမိတ်နဲ့ . . .
ဗျာဒိတ်တော် စုံညီ . . .
ဝေနေယျများ . . . တရားဓမ္မနဲ့ ပြည့်စုံရမည်)
လေးဆူဘုရား . . . လေးပါးသစ္စာ . . .
ကိုယ်တိုင် ကျင့်သိ အကျိုးရှိမည် . . .
ကျွတ်လမ်း လွတ်လမ်းစုံညီ . . .
အနုတ္တရဥတ္တမ . . .
မြတ်ဗုဒ္ဓ သာသနာအမွေတည် . . .
ကြို့တင်လိုချင်သိမှ . . .
ဘုရားငါးဆူ ပွင့်တော်မူသည် . . .
သဒ္ဓါပညာ အားရှိမှ . . .
ဘဒ္ဒကမ္ဘာမင်္ဂလာချိန်ခါမို့။

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တစွမ်းအား ထိန်းသိမ်းထားကြဖို့ လိုနေပါပြီ (၅)

ဦးကိုကိုမြိုင်
(မဟာသဒ္ဓမ္မဇောတိကဓဇ၊ တွဲဖက်ပါမောက္ခ)

သုံးသပ်တင်ပြချက်

ယနေ့လူငယ်သည် နောင်အနာဂတ်ခေါင်းဆောင်များ ဖြစ်လာကြမည်ဖြစ်သဖြင့် စာရိတ္တမကျိုင် ကြံ့ခိုင်ရန် အထူးလိုအပ်လှပါသည်။ နိုင်ငံတော်က မျှော်လင့်တောင့်တနေသော နိုင်ငံ့ သားကောင်း၊ သမီးကောင်း ရတနာများဖြစ်မြောက်လာစေရေးအတွက် ကျောင်းသား/သူ အရွယ်ကတည်းက စတင်ကာ အသိပညာ၊ အတတ်ပညာတို့ကို ဆည်းပူးသင်ယူရန်နှင့် စာရိတ္တကောင်းမွန်စွာ ကျင့်ကြံနေထိုင်တတ်စေရန်အတွက် ယနေ့လူငယ်လူရွယ်တို့သည် စာရိတ္တ၏တန်ဖိုးကို သိမြင်ကာ စာရိတ္တကို ချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင် လွန်ခဲ့သော နှစ်ပေါင်း (၂၅၅၀) ကျော်ကကတည်းက လက်ခံကျင့်သုံးလာခဲ့သော ဗုဒ္ဓအဆုံးအမကား အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာများကို နားလည်သိရှိပြီး ကြိုးစားကျင့်ကြံနေထိုင်တတ်ရန် ယနေ့ခေတ်တွင် အထူးလိုအပ်လှပါသည်။ ယနေ့ မြန်မာလူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံ၏ ခေါင်းဆောင်များအဖြစ် တာဝန်ယူကြရမည့်သူများဖြစ်ကြ၍ အနှစ်သာရ ပြည့်ဝသော မြန်မာ့ယဉ်ကျေးမှုတို့ကို မြတ်နိုးယုယစွာ၊ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။ ယနေ့ မြန်မာလူငယ်များတို့သည် စာသင်ကျောင်းများ၌ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်ကြားပေးမှုများသည် အလွန်အားနည်းနေပါသည်။ ယင်းတို့ကို အချိန်မီပြုပြင်ရန် အချိန်တန်နေပြီ ဖြစ်ပါသည်။ သို့အတွက် မြန်မာနိုင်ငံတွင် ဂေါတမဗုဒ္ဓ ပွင့်သည့်ခေတ်မှစ၍ ယနေ့ခေတ်အထိ မြန်မာလူမျိုးတို့ လက်ခံကျင့်သုံးလာခဲ့သော - (၁) မင်္ဂလသုတ်လာ ယဉ်ကျေးမှု ကျင့်ဝတ်များ၊ (၂) သိင်္ဂါလသုတ်လာ မိဘ၊ ဆရာ စသော ကျင့်ဝတ်များ၊ (၃) ပရာဘဝသုတ်လာ လူတော်လူကောင်း ကျင့်ဝတ်များ၊ (၄) ဝသလသုတ်လာ လူယုတ်မာအကျင့်စရိုက်များ၊ (၅) လောကနီတိကျင့်ဝတ်များ၊ (၆) မွေပဒလာ ဆုံးမစာကျင့်ဝတ်များ၊ (၇) ရှေးရှေးဆရာတော်ကြီးများ၊ ပညာရှိများ၏ ဆုံးမစာများ၊ (၈) ဇာတ်ကြီးဆယ်ဘွဲ့များ စသည်တို့သည် ဗုဒ္ဓဂေါတမ ဟောထားခဲ့၍ ဗုဒ္ဓဘာသာဟု ဆိုငြားသော်လည်း ထိုကျင့်ဝတ်များသည် ကမ္ဘာပေါ်ရှိ နိုင်ငံသားတိုင်း၊ လူမျိုးတိုင်း၊ ဘာသာဝင်တိုင်း လက်ခံကျင့်သုံးနေရသောကျင့်ဝတ်များဖြစ်စေ၍ ယင်းကျင့်ဝတ်များကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဟူ၍ ဘာသာတံဆိပ် ခတ်နှိပ်မထားဘဲ အမျိုးသားယဉ်ကျေးမှုအဖြစ် -

(၁) အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ ဟူသော ခေါင်းစဉ်ဖြင့် ကျောင်းများတွင် ပြဋ္ဌာန်းသင့်ပါသည်။

(၂) အကြံပေး ပညာရှင်ဆရာကြီးများ ရေးသားပြုစုပြီး ယခင် ပြည်နိုင်ငံမြို့မှ ဦးစီးသင်ကြားပေးနေသော ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်၊ အထက်တန်းအဆင့်၊ အဆင့်မြင့်စာအုပ်ပါ အကြောင်းအရာတို့ကို သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ပေးအပ်သော ပညာရှင်များ၊ ပညာရေးဌာနမှ တာဝန်ပေးအပ်သော ပညာရှင်များ ပါဝင်သော ကော်မတီမှ အတန်းလိုက် (သူငယ်တန်းမှ ဒသမတန်းအထိ) သင်ရိုးညွှန်းတမ်း ရေးဆွဲပြီး အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာဘာသာရပ်အဖြစ် ပြဋ္ဌာန်း သင်ကြားပေးသင့်ပါသည်။

(၃) အလားတူ ခေတ်စနစ်နှင့်ညီသော ဆုံးမစာများ၊ ကဗျာလင်္ကာများကို ထည့်သွင်းရေးသား၍ သင်ကြားပေးသင့်ပါသည်။

(၄) ဇာတ်ကြီး (၁၀) ဘွဲ့မှ သင့်တော်ရာ ဇာတ်တော်ကြီးများကို ပဉ္စမတန်းမှစ၍ ဒသမတန်းအထိ သင့်တော်ရာ အတန်းအလိုက် ရွေးချယ်သတ်မှတ်ပြီး သင်ကြားပေးသင့်ပါသည်။

(၅) တက္ကသိုလ်အဆင့်များတွင် ဘွဲ့ ဒီဂရီအလိုက် (ဘီအေ၊ ဘီအက်စ်စီ၊ ကွန်ပျူတာ၊ ဆေးဘက်ဆိုင်ရာ၊ အင်ဂျင်နီယာ၊ ဘီဘီအီးဘွဲ့ ဒီဂရီအလိုက်) သတ်မှတ်သင်ရိုးညွှန်း နှစ်အလိုက် နိကာယ်ငါးရပ်မှ လူသားတို့တွင် အစဉ်ပါဝင်လှုပ်ရှားနေရသော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သော သုတ်တော်များကို ထုတ်နုတ်၍ နှစ်အလိုက် ပြဋ္ဌာန်းသင်ပေးသင့်ပါသည်။

(၆) အဘိဓမ္မာဟု ခေါ်သော တရားများသည် ယနေ့ကမ္ဘာပေါ်ရှိ သက်ရှိလူတို့၏ စိတ်သဘာဝဖြစ်စဉ်၊ ရုပ်သဘာဝဖြစ်စဉ်၊ ရုပ်သဘာဝ၊ စိတ်သဘာဝ ပြောင်းလဲမှုဖြစ်စဉ်များကိုလည်းကောင်း၊ သက်မဲ့တို့၏ သဘာဝဖြစ်စဉ်များကို လည်းကောင်း ခွဲခြမ်းစိပ်ဖြာ ပြထားသောတရားများဖြစ်၍ ထိုအဘိဓမ္မာတရားများကို ဆေးပညာသင်ဆရာဝန်များ အတွေးအခေါ် (ဒဿနိကပညာရှင်များ) မှရှုသင့်သော ပညာရပ်များဖြစ်၍ ထိုပညာရပ်များကို ဗုဒ္ဓဘာသာတရားအဖြစ် မသတ်မှတ်ဘဲ ရုပ်နာမ် ခွဲခြမ်းစိပ်ဖြာ သင်ခန်းစာအဖြစ် ပြဋ္ဌာန်းသင်ကြားပေးသင့်သည်။ (ယခင်က ဆရာတော်ဦးသေဋ္ဌိလ အဘိဓမ္မာ၊ မဟာဌာန၊ ဌာနမှူးလုပ်၍ ရန်ကုန်တက္ကသိုလ်၌ သင်ကြားပေးခဲ့သော အစဉ်အလာ ရှိခဲ့ပါသည်။)

(၇) ယနေ့ခေတ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မြို့နယ်သံဃနာယကအဖွဲ့၊ မြို့နယ်အာဏာပိုင်အဖွဲ့ အစည်း၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်၊ ကျောင်းဆရာ၊ ဆရာမများက ကွပ်ကဲကြီးကြပ်၍ နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးရန်လမ်းညွှန်ထားပြီး ပြဋ္ဌာန်းစာအုပ်လည်း ရေးသားထုတ်ဝေပြီးသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာအုပ်နှင့် သင်ကြားမှုတို့ကို ဗုဒ္ဓဘာသာ ဖေါ်ပြရကိုဖြုတ်၍ အမျိုးသားယဉ်ကျေးမှုအဖြစ် သင်ကြားပေးကာ စာမေးပွဲများ ပြုလုပ်ပေးသင့်ပါသည်။ ထိုသို့ သင်ကြားပြီး စာမေးပွဲစစ်နိုင်ရန် ဖိဖိစီးစီး ဆောင်ရွက်ကြစေရန် တာဝန်တစ်ရပ်အနေနှင့် သတ်မှတ်ပေးသင့်ပါသည်။

(၈) သင်တန်းတက်ရောက်သော သင်တန်းသား၊ သင်တန်းသူများ၊ စာမေးပွဲဝင်သူများကို ထိုက်တန်သောဆုနှင့် လုပ်ငန်းခွင်ဝင်၍အကျင့်စာရိတ္တကောင်းမှု တောင်းခံရာ၌ အထောက်အပံ့တစ်ခုအဖြစ် သတ်မှတ်ပေးရန် နိုင်ငံတော်က ပြဋ္ဌာန်းပေးထားသင့်ပါသည်။

(၉) ယခုအခါ နိုင်ငံတော်တစ်ဝှမ်းလုံး၌ ဖွဲ့စည်းတည်ထောင်နေသော တိုင်း/ ခရိုင်/ မြို့နယ် / ရပ်ကွက်/ ကျေးရွာ သာသနာနုဂ္ဂဟအသင်းများမှ ဦးဆောင်၍ မိမိတို့ဒေသအသီးသီးရှိ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ထိုသင်တန်းများကို အောက်တိုဘာလ (သီတင်းကျွတ်) ကျောင်းပိတ်ရက်များ၊ နွေရာသီကျောင်းပိတ်ရက်များ၌ ဆရာ၊ ဆရာမများကို နည်းပြသင်တန်းပေးပြီး မဖြိုင်မြဲကာ သင်ကြားပေးသင့်ပါသည်။

(၁၀) ထိုသာသနာနုဂ္ဂဟအသင်းများသည် ဤသင်တန်းအောင် သင်တန်းသား၊ သင်တန်းသူများ၊ အဘိဓမ္မာအောင်သူများ၊ ယဉ်ကျေးမှုအောင်သူများကို ထိုက်တန်သော ဆုငွေများ ပေးနိုင်ရန် စီမံဆောင်ရွက်သင့်ပါသည်။

(၁၁) မြို့ ရွာ၊ ရပ်ကွက်ဒေသ အသီးသီးရှိ ဘုန်းတော်ကြီးများ၊ သီလရှင်များသည် အထူးသဖြင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဆင်း ရဟန်းသံဃာတော်များ၊ ကျောင်းတိုက် ဘုန်းကြီးသင်တန်းဆင်း ရဟန်းသံဃာတော်များ၊ ဘုန်းတော်ကြီး ပညာရေးဆရာဖြစ်သင် သင်တန်းဆင်း ရဟန်းသံဃာတော်များ၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းမှ ရဟန်းသံဃာနှင့် သီလရှင်တို့သည် အစိုးရ မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ (ဥပုသ်နေ့၊ အဋ္ဌမီ၊ ဥပုသ်နေ့) တွင် ဓမ္မစကူးလ် (Dhamma School) များ ဖွင့်လှစ်၍ နံနက်ပိုင်းများ၌ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာရပ်များကို အထူးအင်္ဂလိပ်စာ၊ သင်္ချာ ဘာသာရပ်များနှင့် ပူးတွဲကာ သင်ကြားပေးသင့်ပါသည်။ ထိုသို့ သင်ကြားနိုင်ရေးကိုလည်း ပညာဌာနဆိုင်ရာ တာဝန်ရှိသူများ ဘက်ကပါဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပါသည်။

(၁၂) ရုပ်ရှင်၊ ဂီတ အနုပညာသည်များ၏ အရှက်အကြောက်မရှိ ဖော်ချွတ် ဝတ်စားဆင်ယင်မှုများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်မှုများ၊ အရှုံးရှုံးပန်းလို စည်းမရှိ၊ ဝါးမရှိ ကခုန်သီဆိုမှုများကို တာဝန်ရှိ စစ်ဆေးရေးဆင်ဆာအဖွဲ့တို့မှ ကြပ်မတ်ပေးသင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ထိုအရာများကို ရုပ်မြင်သံကြားမှ ထုတ်လုပ်မှုကို မပြသင့်ကြပါ။

(၁၃) နယ်ချဲ့အင်္ဂလိပ်ခေတ်က ဟီရိ-ဩတ္တပ္ပ (အရှက်-အကြောက်) ကင်းမဲ့စွာ အင်္ဂလိပ်ဆန်ပြီး လက်တို ဝတ်ဆင်ကြသော မြန်မာအမျိုးသမီးများကို ရဟန်းပျိုအဖွဲ့မှ အမျိုးသား ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့ကာ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရန် စည်းရုံးထိန်းသိမ်းဟောပြောခဲ့သည်။ ပြောမရ၊ ဆိုမရသည်ကို ထားဝယ် ကြိမ်ဖြင့် ကပ္ပိယ်မဲ့ခဲ့ကြသည်ကို ကြားဖူး မှတ်ဖူးပါသည်။ (နောက်တစ်ပတ် ဆက်ဖတ်ပါ)

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ကုတင် ၃၀၀) သင်တန်းခန်းမဆောင်တွင် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ကုတင် ၃၀၀) သင်တန်းခန်းမဆောင်တွင် ယဉ်ကျေး လိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ နံနက်(၈:၃၀)နာရီတွင် ကျင်းပရာ တပ်မှူး ဗိုလ်မှူးကြီး ဘုန်းမြင့်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့် ဦးဆောင်သော အရာရှိ အရာခံ တပ်မိသားစုများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဒု-ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ဟေ့ဒိုအလှပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာလှဝင်းအောင် (လူမှုထူးချွန်)၊ မြောက်ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ရှိခိုး၍ တပ်မှူး ဗိုလ်မှူးကြီး ဘုန်းမြင့်ထွန်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဒု-ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်တို့က အမှာစကားပြောကြားပြီး ယဉ်ကျေးလိမ္မာပြဋ္ဌာန်းစာအုပ်နှင့် စာရေးကိရိယာများကို ဟေ့ဒိုအလှပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာလှဝင်းအောင် မှလှူဒါန်းရာ တပ်မှူး ဗိုလ်မှူးကြီး ဘုန်းမြင့်ထွန်းက လက်ခံရယူခဲ့ကြောင်း၊ ဆက်လက်၍ သာသနာ့အလင်းရောင်ဂျာနယ်များကို ရန်ကုန်တိုင်းဒေသကြီးသာသနာနုဂ္ဂဟအသင်း၊ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့်ကလှူဒါန်းရာ မှတ်ပုံတင်အရာရှိ ဗိုလ်မှူးကြီးမျိုးအောင်ကျော က လက်ခံရယူပြီး၊ ဦးဇော်လွင် (သစ်လုပ်ငန်းရှင်) မှလှူဒါန်းသော အလှူငွေကျပ် တစ်သိန်းကို မြောက်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက ကိုယ်စား ပေးအပ်လှူဒါန်းရာ သူနာပြုဆရာ ဗိုလ်မှူး ဒေါ်ခင်ဘုန်းသော်မှ လက်ခံခဲ့ကြောင်း၊ ထို့နောက် ဒု-အရာခံဗိုလ်ခိုင်သိန်း မိသားစုမှ စာအုပ်နှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းရာ တပ်မှူးဇနီး ဒေါ်ခင်အေးမြင့်မှ လက်ခံ ရယူပြီး အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း၊ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ (၆၀)ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

သာသနာနှင့်ကမ္ဘာ့ဝန်းသည်

LAOS ၏ သာသနာရေးဆိုင်ရာ အဖိုးတန်အမွေအနှစ်များ





လာအိုနိုင်ငံတွင် စီတန်းလျက် ဆွမ်းခံကြွသော ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် ငြိမ်းချမ်းခြင်းနှင့် ငြိမ်သက်တည်ငြိမ်ခြင်းကို သရုပ်ဖော်နေသော မြင်ကွင်းတစ်ခုပင် ဖြစ်ပါ၍ အချို့သောသူတို့နှင့် မတူသော အတွေ့တစ်ရပ်ကို တွေ့မိသည်ဖြစ်ရာ အချို့က နေဝင်သည်ကို စောင့်ကြည့်ရင်း အရသာကောင်းသော ဘီယာကို သောက်သည်မှာ စိမ့်ရှိသည်ဟု ထင်သော်လည်း ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းများကို တွေ့မြင်ရခြင်း၊ ရဟန်းတော်များကို ဖူးမြင်ရခြင်းတို့မှာ စိတ်နှလုံးအေးချမ်းသည်ဟု ထင်မိသည်ဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် အတွေးချင်းမတူနိုင်သော်လည်း မြင်ရသော မြင်ကွင်း၏ တည်ငြိမ်အေးချမ်းမှု၊ လှပမှုကိုကား မည်သူမျှ ငြင်းနိုင်မည် မဟုတ်ကြောင်း တွေ့ရှိပါသဖြင့် ကမ္ဘာသိ မဲခေါင်မြစ်ဝင်ကွေ့ကွေ့ကွေ့ပေါ်တွင်ငြိမ်သက်လဲလျောင်းတည်ရှိနေသော Vientiane သည် တကယ်ကို အေးချမ်းလျက် နှစ်သက်မှုများ အပြည့်ဖြစ်သော နေရာဖြစ်ကြောင်းကား ဤပုံများက သက်သေခံလျက် ရှိသည်ဖြစ်ပါ၍ ဖော်ပြခြင်း ဖြစ်ပါသည်။

သာသနာနုဂ္ဂဟ ဗဟုသုတပကာသနီ

ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာ ဘွဲ့ထူးရ၊ ကဗျာဆရာ၊ ကျမ်းပြုဆရာ၊ စာပေသုတေသီ မောင်ပန်းမွေး လေ့လာတင်ပြသည်။

(၁၃၇၄) ခုနှစ်၊ (၆၅) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲတွင် တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် ရဟန်းထူးတစ်ပါး ပေါ်ထွက်ခြင်း သတင်းထူး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကကျောင်းတော်မှ အရှင်ဝိစိတ္တာလင်္ကာရသည် အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်း အာဂုံဆောင်မြင်တော်မူသောကြောင့် - (က) တိပိဋကဓရဘွဲ့တံဆိပ်တော်၊ (ခ) တိပိဋကဓရ အောင်လက်မှတ်တော်၊ (ဂ) အချီးနီကနဋ္ဌာအက် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကကျောင်းတော်မှ အဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ခံယူတော်မူမည့် အရှင်ဝိစိတ္တာလင်္ကာရသည် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကျုံဖြူရွာ၊ ခမည်းတော် ဦးကြည်၊ မယ်တော် ဒေါ်ဆန်းစီတို့မှ (၁၃၃၀) ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော တတိယမြောက်သား ဒင်္ဂလုရတနာ ဖြစ်ပါသည်။ အရှင်ဝိစိတ္တာလင်္ကာရသည် (၁၃၆၀) ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၅) ရက်နေ့တွင် မန္တလေးမြို့ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် အောင်ချမ်းသာကျောင်း၊ သာသနာ့လင်္ကာရဇရပ်သိမ်၌ ရန်ကုန်မြို့ ထူးအေလယ်နေ ဒေါ်ရင်နု သား - ဦးသန်းစိုး၊ သမီး - မဒေးဒေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အောင်မြင်ခဲ့သော စာမေးပွဲများမှာ မန္တလေး၊ ရန်ကုန်၊ မော်ကျွန်း သာသနာ့လင်္ကာရသာမဏေကျော်ဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူ၊ အဂုတ္တရနိကာယဝိဒူ၊ နိကာယဒွေတတက မဇ္ဈိမသာရ ဝိနယဓရဘွဲ့၊ နိကာယဒွေတတက မဇ္ဈိမသာရ ဒီဃဘာဏကဘွဲ့၊ နိကာယတ္တိကသိဇိတ ဒီဃနိကာယကောဝိဒဘွဲ့၊ နိကာယဒွေတတက မဇ္ဈိမသာရ မူလအဘိဓမ္မိကဘွဲ့၊ နိကာယဒွေတတက အဘိဓမ္မိက မူလဘာဏ အင်္ဂုတ္တရစရိယဘွဲ့၊ ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဝိသုဒ္ဓ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ ဝိသုဒ္ဓ မူလအဘိဓမ္မိကဘွဲ့၊ မူလ အဘိဓမ္မကောဝိဒဘွဲ့၊ တိပိဋကဓရဘွဲ့တို့ကို ရရှိခဲ့ပါသည်။ အရှင်ဝိစိတ္တာလင်္ကာရသည် (၁၃၇၄) ခုနှစ်၊ (၆၅) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို အာဂုံဖြေဆို အောင်မြင်တော်မူသဖြင့် အဘိဓမ္မိကဘွဲ့တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။ အရှင်ဝိစိတ္တာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုအောင်မြင်တော်မူသောကြောင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ ၎င်းအောင်လက်မှတ်နှင့် အချီးနီကနဋ္ဌာအက် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို လက်ခံရယူတော်မူပါသည်။

ဗုဒ္ဓတိပိဋကဿ၊ ဟေတုပစ္စယော၊ ယံ ဒုန္နိမိတ္တံ စသည်တို့ကို သန်းခေါင်ယံကာလများတွင် စောင်းဖြင့် တီးခတ်ပူဇော်လေ့ရှိသော စောင်းဘုရင်ဒေဝဣန္ဒာ ဦးမောင်မောင်ကြီး

နန်းတွင်း နန်းဦးကျောင်းဆရာတော်ကြီးထံပါး၌ စာပေသင်ကြားနေစဉ်၊ မြင်ကွန်းအစေတော်ပုံ ပေါ်ပေါက်လာသောကြောင့် ဘုန်းကြီးကျောင်းသားအဖြစ်ဖြင့် စာပေလေ့ထမ်းကာ ရှောင်ရှားခဲ့ရလေသည်။ မောင်ဖုန်းသည် (၅) နှစ်သားအရွယ်မှစ၍ ပဋ္ဌာန်းပါဠိကို သေသည်အထိ မြိုမြိုစွာ စောင့်ထိန်းသည်။ ပညာဓိကဘုရားဖူးကိုလည်း ပန်သည်။ ထိုအချိန်အခါက ဂန္ဓာဝတအမည်ရှိသော ပုဂ္ဂိုလ်သည် ဂီတပညာတွင် မှင်မင်းလက်ထက်မှစ၍ အထူး ကျော်ကြားထင်ရှားသော ပုဂ္ဂိုလ်ဖြစ်လေသည်။ ယင်း ဂန္ဓာဓဝတဆရာကြီးထံပါး၌ မောင်ဖုန်းသည် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ကြိုး၊ ဘွဲ့ အမျိုးမျိုးကို သင်ကြားလေသည်။ အသက် (၁၃) နှစ်သားအရွယ်တွင် မင်းတုန်းမင်းတရားကြီးက ရွှေနန်းတော်သို့ ခေါ်တော်မူ၍ မိကျောင်းစီးဆောက်ရသည်။ မင်းတုန်းမင်းတရားကြီးနှင့်ညီတော် မင်းပန်းသတ်များ၏ မိုးတျဉ်ကြည်၍ ဒေဝဣန္ဒာဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ ထို့နောက် ရွှေတော်မြေမှုကြီးထံ၌ ဆက်လက်၍ စောင်းအတတ်ပညာကို သင်ကြားလေသည်။ သာဓကတ် သီပေါမင်းတရားလက်ထက်တွင် မောင်ဖုန်းသည် ရွှေတော်၌ လူမျိုးတော်အဖြစ်ဖြင့် စောရသည်။ ထို့နောက် ကွမ်းရေတော်အဖြစ် စောရပြန်သည်။ သီပေါမင်းတရားအား စောင်းအတတ် သင်ကြားပေးရလေသည်။ ထိုသို့ အမှုတော်ကို ထမ်းရွက်နေစဉ် အသက် (၂၀) ကျော်သို့ ရောက်သောအခါ တရားသံဝေဂရသဖြင့် မင်းတရားကြီး၏ အခန့်တော်မရဘဲ ဓိဘများ မသိအောင် ဝိဓိ၏ စောင်းကို မဟာမြတ်မုနိဘုရားကြီးမှာ လှူခဲ့၍ စစ်ကိုင်းဘက်သို့ ရောက်သောအခါ ထွဋ်ခေါင်ဆရာတော်က ချီးမြှင့်တော်မူသဖြင့် ရဟန်းဘောင်သို့ တက်ခဲ့လေသည်။ မောင်မောင်ကြီး၏ ရဟန်းဘွဲ့အမည်မှာ ဦးပညာ ဖြစ်သည်။ သုသာန်ဓုတင်ကို သုသာန်၌ ဆောက်တည်တုန်းအခါ အမြဲသွားရောက်၍ အုတ်ဂူကို ကျောမှီကာ တစ်ညဉ့်ပတ်လုံး တရားအားထုတ်နေသည်ကို နံနက်စောစောလင်းစဉ်သွားများ တွေ့မြင်ရလေသည်။ ထိုကဲ့သို့ ရဟန်းဝတ်နှင့် ရှိနေသည်ကို သီပေါမင်းတရား ကြားတော်မူသောအခါ ဘုရင့်အမိန့်တော်ဖြင့် လူထွက်လာစေသဖြင့် ဦးပညာမှာ ဒေဝဣန္ဒာအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီးလျှင် အမှုတော်ကို ဆက်လက်ထမ်းရွက်ရပြန်လေသည်။ ထိုအချိန်မှစ၍ သီပေါမင်းထံပါးတွင် စောင်းသင်ပေးနေရသည်။ အင်္ဂလိပ်မင်း ဝင်လာသောအခါ မောင်မောင်ကြီးသည် မြစ်ကျေးမြို့အုပ် ဦးစံရီထံသို့ ထွက်ပြေးရလေသည်။ ဒေဝဣန္ဒာသည် အရှင်နှစ်ပါး မရှိသည့်နောက် သီပေါစော်ဘွားနှင့် မိုးမိတ်စော်ဘွားတို့ထံပါးတွင် အမှုတော်ထမ်းရွက်ခဲ့ရပြန်သည်။ မန္တလေး၌နေစဉ်တွင် အင်္ဂလိပ်လက်သို့ ပါတော်မူသွားသော သီပေါအရှင်နှစ်ပါးက မရဂိရိမြို့မှ နေ၍ သမီးတော် (၃) ပါး နားသမင်္ဂလာအခမ်းအနားအတွက် ခေါ်တော်မူသဖြင့် သာသနာပိုင်ဆရာတော်ဘုရားနှင့်တကွ ရှေးအမှုတော် ထမ်းဟောင်းများနှင့်အတူ လိုက်ပါသွားရသည်။ ထိုအခမ်းအနားတွင် ဒေဝဣန္ဒာ မောင်မောင်ကြီးသည် စောင်းတော်ကို တီးရသည်။ ထို့နောက် မကြာမီ အရှင်နှစ်ပါး ရတနာဂီရိသို့ ပြောင်းရွှေ့နေတော်မူသောအခါ၌လည်း တိုက်တက်မင်္ဂလာအခမ်းအနားသို့ တစ်ဖန် ဒေဝဣန္ဒာမောင်မောင်ကြီးတို့ကို ခေါ်တော်မူပြန်၍ သွားရောက်ကြရသည်။ မန္တလေးမြို့တွင်နေစဉ် ဒေဝဣန္ဒာမောင်မောင်ကြီးသည် စောင်းပညာ၊ တူရိယာပညာ၊ ဂီတပညာတို့ကို ဖြန့်ဖြူး သင်ကြားပေးသည်။ ဒေဝဣန္ဒာမောင်မောင်ကြီးထံတွင် မောင်မောင်လတ်၊ ဆရာစိန်၊ ဗေဒါ ဦးမောင်ကလေး၊ ဦးချစ်ဘွယ်၊ ဒေါ်စိန်သုံး၊ ရန်ကုန်ဆရာငြိမ်း၊ တူဦးကျော်လှ၊ ဦးထင်၊ ရှိုင်းကြီး ဦးစံဝင်း၊ စောင်းဆရာကြီး ဦးညိမ်းတို့ သင်ကြားနည်းယူကြသည်။ ထို့နောက် ဒေဝဣန္ဒာမောင်မောင်ကြီးသည် အနီစွရောက်သွားရှာသော သားအကြီး မောင်လေးခင်အား သတိရလွမ်းဆွတ်တမ်းတမိကာ တရားသံဝေဂများ တစ်ဖန်ရပြန်၍ စစ်ကိုင်းဘက် မင်းကျောင်းဆရာတော်ထံပါးသို့ သွားရောက် သင်္ကန်းဝတ်နေပြန်သည်။ သင်္ကန်းဝတ်နေစဉ် မြန်မာတစ်ပြည်လုံးရှိ တပည့်သားမြေးအပေါင်းတို့က မရှင်းလင်း နားမလည်သော သီချင်းများ၊ တီးကွက်များကို လာရောက်လျှောက်ကြားသဖြင့် ဦးပဥ္စင်းသည် မင်းကျောင်းဆရာတော်ကြီးကို သင်္ကန်းဝတ်နှင့် ဂီတပညာကို သင်ပေးထိုက်၊ မပေးထိုက် လျှောက်ကြားရာ ဆရာတော်ဘုရားက ပညာပါရမီအတွက် သင်ကြားပေးထိုက်ကြောင်းကို ဆုံးဖြတ်တော်မူသဖြင့် ဂီတပညာအရပ်ရပ်ကို တပည့်တို့အား သင်ကြားပေးခဲ့သည်။ ညဉ့်သန်းခေါင်ယံ၌ ဗုဒ္ဓတိပိဋကဿ၊ ဟေတုပစ္စယော၊ ယံ ဒုန္နိမိတ္တံ စသည်တို့ကို စောင်းဖြင့် သာယာနာပျော်ဘွယ် တီးလေ့တီးထ ရှိသည်။ သက္ကရာဇ် (၁၂၉၁) ခုနှစ်တွင် ဒေဝဣန္ဒာ မောင်မောင်ကြီး၊ ရဟန်းဘွဲ့ဦးပညာသည် ဦးပဥ္စင်းဘဝဖြင့် သက်တော် (၇၅) နှစ်လောက်တွင် ပျံလွန်တော်မူလေသည်။

အယ်ဒီတာချုပ်ထံ ပေးစာ

ဗုဒ္ဓ၏ (၃၂) ဆက်မြောက် အမျိုးအနွယ်တော် ပေါ်ချင်ကုမာရီကို လူကိုယ်တိုင် တွေ့ခဲ့ရကြောင်း သတင်းကောင်း

ဆရာ ခင်မွှား /

ကျွန်တော်သည် တစ်နေ့သောအခါ အလွန်ဟောင်းမြင့်လှ၍ ဆွေးလုလု နွမ်းလျော့ရှိသော အလွန်ဝတ်သည့် စာစောင်တစ်ခုကို တွေ့၍ တစ်ပိုင်းတစ်စ ကောက်ဖတ်ကြည့်ရာ မြတ်မင်္ဂလာမဂ္ဂဇင်းဖြစ်ကြောင်း သိရပါသည်။ မိုးရေစိုနေသဖြင့် အတွဲ၊ အမှတ်၊ ထိပ်စာတို့ကို အသေအချာ မသိရပါ။ တင်နေရာတွင်ကား (၂၀၀၄) ခု ရန်နဝိဒီရသတ္တုတ်ဖြစ်ကြောင်း ရေးတေးတေး သိရပါသည်။ ပေးပို့ခြင်း အကြောင်းရင်းက လွန်ခဲ့သည့် (၂၀၀၂) ခုနှစ် နိုဝင်ဘာလလောက်က မေ်ိသဆင်မြင့်အောင်၏ ဘုရားဖူးအဖွဲ့နှင့် လိုက်သွားသော စာရေးဆရာကြီး ဦးသန်းဝင်းမြင့်သည် အသက် (၈၂) နှစ်ရှိသည့် သာဝတ္ထိမြို့မြောက်ဘက် တိဗေတာကတူမြို့ ဟု ခေါ်ဆိုအပ်သော ယခင် ကပိလဝတ်မြို့တွင် နေထိုင်သည့် ဗုဒ္ဓ၏အနွယ်တော် (၃၂) ဆက်မြောက် အဘွား ပေါ်ချင်ကုမာရီ တည်း ဟူသော ဓတ္တိယသာကီဝင်မျိုးနွယ်တစ်ဦးကို တွေ့ရှိခဲ့ရကြောင်း၊ အိမ်ခြေ (၅) အိမ်မျှလောက်သာရှိသော ရွာဦးရေ (၃၀) ခန့်သာ ရှိသည့် ရွာသာသာကလေးမှာ နေထိုင်ကြောင်း သိရသည့်အပြင် အသက် (၃၀) ကတည်းက ဖွံ့ထိုးသီလ စောင့်ခဲ့သည့် အဘွားဖြစ်ကြောင်း သားသမီးများကလည်း ဖိးပါးသီလ စောင့်ကြကြောင်းကို သားကြီးဖြစ်သူ ဦးကပိလမန်ဆိုသူ ကိုယ်တိုင် ပြောပြ၍ သိရသဖြင့် ကျွန်တော်မှာ ဝမ်းသာပီတိဖြစ်လျက် ဆရာ ဆက်လက်၍ သုတေသနပြုလုပ် ရှာဖွေပြီးပါက ထိုသတင်းအတိအကျ အကောင်းစားကို ဆရာ့အား လှူဒါန်းလိုသောသဘောဖြင့် အတိအကျ သတင်းပေးခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြလျက် ဤမြဖြစ်စလောက်သော စာကလေးကို အကြောင်းပြု၍ ကူညီလိုပ်ချင်လွန်းပါသောကြောင့် ပေးပို့ခြင်း ဖြစ်ပါကြောင်း။ (တစ်ရိုရေးအခါက တပည့်တစ်ဦး။) မှတ်ချက်၊ ပုံကိုလည်း ထိုမြတ်မင်္ဂလာမဂ္ဂဇင်းမှပင် ရရှိပါသည်။



ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် သာသနာနုဂ္ဂဟအသင်းက ကြီးမှူး ကျင်းပခဲ့သော သင်တန်းသား (၂၀၀၀) ကျော် တက်ရောက်ခဲ့သည့် ယဉ်ကျေးလိမ္မာ သင်တန်း များ



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာ၊ တောင်ပေါ်ကျောင်းတွင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အဘိဓမ္မာရက်တိုသင်တန်း အခမ်းအနားကို (၁၀.၄.၂၀၁၃) မှ (၁၈.၄.၂၀၁၃) ရက်နေ့အထိ ကျင်းပခဲ့ကြောင်း၊ သင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လှမ္မထူးချွန်) နှင့် ဒေါ်နန်းသန်းသန်းထွေး၊ ဒေါ်ဥမ္မာသိန်း၊ ဒေါ်မွှေမြင့်၊ ဒေါ်မြတ်မြတ်မော်စိုးတို့ ဦးစီးသင်ကြားခဲ့ကြောင်း၊ သင်တန်းသားဦးရေ (၁၀၀၀) ရှိကြောင်း သိရှိရပါသည်။ ၎င်းနောက် ရွှေညောင်မြို့နယ်၊ စဥ့်ကယ်ရပ်ကွက်၊ အ.လ.က (၁) တွင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အဘိဓမ္မာရက်တိုသင်တန်းကို (၁၀.၄.၂၀၁၃) မှ (၁၈.၄.၂၀၁၃) ရက်နေ့အထိ ကျောင်းသား (၂၅၀) ကို သင်တန်းမှူး ဒေါ်ခင်သန္တာဦးနှင့်တကွ ဦးထင်ဇော်၊ ဒေါ်ချိုမြင့်၊ ဒေါ်စိုင်းမော်မော်၊ ဒေါ်ချိုမာသိန်း၊ ဒေါ်ယုယုနိုင်တို့က ဦးစီးသင်ကြားခဲ့ကြောင်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ သာသနာ့ဗိမာန်တော်တွင် သင်တန်းသားအရေအတွက် (၁၂၀၀) တို့ကို (၁၉.၄.၂၀၁၃) ရက်နေ့မှ (၁၆.၄.၂၀၁၃) ရက်နေ့အထိ ဒေါ်ခင်သန္တာဦးက ဦးဆောင်၍ ဦးထင်ဇော်၊ ဒေါ်နန်းသန်းသန်းထွေး၊ ဒေါ်ဥမ္မာသိန်း၊ ဒေါ်မွှေမြင့်၊ ဒေါ်ခန်းစန်းငြိမ်း၊ ဒေါ်မြတ်မြတ်မော်စိုးတို့က လည်းကောင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ ရွှေတောင်တန်း ပရဟိတကျောင်းတွင် သင်တန်းသားဦးရေ (၂၅၀) ကို (၁၉.၄.၂၀၁၃) မှ (၂၆.၄.၂၀၁၃) ရက်နေ့အထိ ဒေါ်ချိုမြင့်၊ ဒေါ်စိုင်းမော်မော်၊ ဒေါ်ချိုမာသိန်း၊ ဒေါ်ယုယုနိုင်တို့က ဦးဆောင်၍လည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သိရှိရပါသည်။ ထိုအခမ်းအနားသို့ တောင်ကြီးမြို့ တောင်လေးလုံးကျေးရွာ၊ တောင်ပေါ်ကျောင်းဆရာတော် ဦးကောဝိဒက လည်းကောင်း၊ တောင်ကြီးမြို့ ရွှေတောင်တန်း ပရဟိတကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုရိယမှ လည်းကောင်း၊ သီလပေး၍ ဩဝါဒစကား ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ ထိုအခမ်းအနားပွဲသို့ ရှမ်းပြည်နယ် သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းထွန်းရင်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။ တောင်ကြီးမြို့ တောင်ပေါ်ကျောင်းတွင် ဦးသက်အောင် + ဒေါ်နန်းသန်းသန်းထွေး မိသားစုတို့က ကျပ်ငွေ သိန်း (၉၀) လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။ သင်တန်းဆင်းပွဲအခမ်းအနားများတွင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ထူးချွန်ရေ ကျောင်းသူကျောင်းသားများအား ဆုများချီးမြှင့်ခြင်းတို့လည်း ပြုလုပ်၍ သာသနာတော်ကို ချီးမြှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။